# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၉၂)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်၊ ၂-၃-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် တောင်သူဦးကြီးများက အားစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်ကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ
တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်
သဝဏ်လွှာ
( ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက် )

ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ဖြစ်သော ၂၀၂၆ ခုနှစ်၊ မတ်လ(၂)ရက်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွင်းရှိတောင်သူလယ်သမားကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ချစ်ခင်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ သို့

## စစ်ကိုင်းမြို့ ရှေးဟောင်းသမိုင်းဝင် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ တည်ထားပူဇော်သော ရှေးဟောင်းသမိုင်းဝင် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်အထွဋ်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ စာမျက်နှာ ၄ သို့



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ မိုး/ဇလ

**၂၀၂၆ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

၂၀၂၆ ခုနှစ်၊ မတ် ၂ ရက်၊ တနင်္လာနေ့ ။
မန္တလေး

## လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံရှိ ပြည်သူအားလုံးသည် ဆန်ကိုအဓိကထား စားသုံးကြသည်။ ဆန်စပါးစိုက်ပျိုးရေးသည် ပြည်တွင်းစားနပ်ရိက္ခာဖြစ်သည်သာမက ပြည်ပဝင်ငွေရရှိရေးကိုလည်း ရှာဖွေပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးကို အဓိက တာဝန်ယူထားရသည့် တောင်သူလယ်သမားများကို ဂုဏ်ပြုသည့်အနေဖြင့် မတ်လ ၂ ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ထားခဲ့သည်။

တောင်သူလယ်သမားများသည် နှစ်ပေါင်းရှည်လျားစွာ နိုင်ငံအတွက် အကျိုးပြုခဲ့ကြရာ ၁၉၆၂ ခုနှစ်ရောက်မှသာ တောင်သူလယ်သမားနေ့ဟူ၍ အသိအမှတ်ပြုခံခဲ့ရသည်။ ထိုစဉ်က တောင်သူလယ်သမားများ စည်းလုံးညီညွတ်မှု ရရှိစေရန်အတွက်လည်းကောင်း၊ တောင်သူလယ်သမားများသည် မြန်မာနိုင်ငံလွတ်လပ်ရေး သမိုင်းကြောင်းတွင် တိုက်ပွဲဝင်ခဲ့သည်ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ တောင်သူလယ်သမား နိုးနှောဖလှယ်ပွဲများ ကျင်းပပေးရာမှလည်းကောင်း တောင်သူလယ်သမားနေ့ ပေါ်ပေါက်လာရသည်။ တောင်သူလယ်သမားနေ့တွင် တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုခြင်းဖြစ်သလို တောင်သူလယ်သမားဦးကြီးများ၏ လူမှုစီးပွားမြင့်မားတိုးတက်အောင်လည်း ဆောင်ရွက်ပေးလာကြသည်။

ထို့ပြင် တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ သီးနှံများအထွက်တိုးရေးပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း သီးနှံများကို ပန်းတိုင်အထွက်နှုန်းများရရှိရေး အလေးပေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရေး၊ မြေစနစ်တကျပြုပြင်ခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိန်ကိုက်အချိုးကျ စနစ်တကျသုံးစွဲ၍ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ စိုက်ပျိုးရေ အောင်ရေရရှိရေးနှင့် စိုက်နည်းစနစ် မှန်ကန်ရေးစသည့် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသော နည်းလမ်း (၄)သွယ်ပြည့်စုံကောင်းမွန်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကလည်း တောင်သူလယ်သမားများ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အပြည့်အဝကူးပြောင်းရေး၊ လယ်ယာသုံးစက်ကိရိယာများ ရင်းနှီးမြှုပ်နှံမှုနှင့် ထိုက်တန်သည့် အကျိုးစီးပွားရရှိစေရန် ဆိုင်ရာစက်ကိရိယာ၏ စွမ်းအားကို အပြည့်အဝအသုံးချနိုင်ရေး၊ တစ်ကေထုတ်လုပ်မှုနှင့် လယ်ယာလုပ်သားတစ်ဦးချင်း၏ ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ပေးနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာ သုတေသနလုပ်ငန်းများနှင့် နည်းပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ စက်မောင်း၊ စက်ပြင်လုပ်ငန်း၊ အပိုပစ္စည်းရောင်းဝယ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ပေးရေးအပါအဝင် စက်မှုလယ်ယာလုပ်ငန်းကို အခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးစသည့် စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းဌာနအားလုံး ပေါင်းစည်းဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ယခုအခါ တောင်သူလယ်သမားများအတွက် စက်မှုလယ်ယာဝန်ဆောင်မှုအသင်းများကို ခိုင်မာသော စီးပွားရေးလုပ်ငန်းများအဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးနှင့် သမဝါယမအသင်းများအဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိသည်။ အားကောင်းသော လယ်ယာလုပ်ငန်းအခြေပြု စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရန် စီမံအုပ်ချုပ်ရေးဆိုင်ရာ၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာများကိုလည်း သက်ဆိုင်ရာဌာနများက ပူးပေါင်းကူညီပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများမှဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့မှစတင်ကာ တောင်သူလယ်သမားများ၏ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းပြီး စက်များအသုံးချ၍ စီးပွားရေးတွက်ခြေကိုက်ပြီး ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ကြစေရန် စက်ကိရိယာအသုံးပြုမှု လက်တွေ့သရုပ်ပြ ပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူ ပူဇော်ပွဲကျင်းပ



**မန္တလေး မတ် ၁**

အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ မဟာဓမ္မိကာရာမ ရွှေကျောင်းတိုက်မကြီးရှိ ကျွန်းကျောင်းတော်ကြီး၌ မန္တလေးလျှင်ကြီးကြောင့် ဖောင်းရစ်တော်မှစ၍ ကွဲအက်ပျက်စီးသွားခဲ့သည့် ပထမရွှေကျောင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အရိုးဓာတ်ကိန်းဝပ်ရာစေတီတော်မြတ်ကြီးကို ဘက်စုံမွမ်းမံပြုပြင်ပြီးစီး၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက (တွဲဖက်ရွှေကျင် သာသနာပိုင်)ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ ကမ္ဘောဒီးယားနိုင်ငံ သံဃနာယကဥက္ကဋ္ဌ ဆမ်ဒက်ပရယ် အဘိသီရိဂန္ဓမဟာ သံဃာရာဇာ မိပတိ ကတ္တိဥဒ္ဒေသပဏ္ဍိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ခံ ဆရာတော် Dr. BourKryi ပါမော်ဘီမြို့နယ် ဇေတဝန်တောရကျောင်း၊ ဓမ္မဒူတဆရာတော်အရှင် ဆေကိန္ဒ၊ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်)ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တထုတိဝရ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဇယမေဒနီဝါဆိုကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိယနှင့် ပင့်သံဃာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် တာဝန်ရှိသူများ၊ အလှူ့ရှင်များနှင့်ဆွေမျိုးမိတ်သဟာများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက(တွဲဖက်ရွှေကျင်သာသနာပိုင်)ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဥပါသကာများက ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်းနှင့် ပရိတ်နံ့သာရည်တို့ကို ဆရာတော်အရှင်သူမြတ်ထံ ဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော်အရှင်သူမြတ်များ၏ ရွတ်ပွားချီးမြင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုခြင်း၊ ဥပါသကာများက ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်းတို့အား ယူဆောင်၍ စေတီတော်မြတ်၏ ပရိဝုဏ်တို့အား ပက်ဖျန်းကြဲဖြန့်ချည်နှောင် တားဆီးကာရံခြင်း၊ အလှူ့ရှင်မိသားစုမှ စေတီတော်မြတ်တွင် အထွတ်တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံ အဆင့်ဆင့်တို့အား ဆရာတော်အရှင်သူမြတ်တို့ထံ ဆက်ကပ်ခြင်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ ဇယမေဒနီဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရားနာယူကြည်ညို၍ သုံးဆယ့်တစ်ဘုံသားတို့အား အမျှပေးဝေခြင်း၊ ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား အလှူ့ရှင်မိသားစုနှင့် တာဝန်ရှိသူများ၊ ဆွေမျိုးများက အပူဇော်ခံမဏ္ဍပ်သို့ပင့်ဆောင်ခြင်း၊ မင်္ဂလာအချိန်အခါကျရောက်သည်နှင့် တစ်ပြိုင်နက် “မင်္ဂလာအခါတော်”ဟု ဟစ်ကြွေး၍ ရွှေထီးတော်မြတ်၏ ပထမဘုံဆင့်မှစတင်ကာ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်မြတ်တို့ကို တင်လှူပူဇော်ခြင်း၊ ရွှေထီးတော်မြတ်၏ ပိန္နဲတိုင်တွင် ဗုဒ္ဓသာသနာ့အဘိဓေအောင်လံတော်မြတ်ကို လွှင့်ထူခြင်းနှင့် စေတီတော်မြတ်ထံ ရွှေကြာသကင်္ န်း ကပ်လှူပူဇော်ခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

(အပေါ်ဝဲပုံ)

၎င်းနောက် “ဒုတိယအကြိမ်ပြုပြင်ခြင်း အလှူတော်မင်္ဂလာမှတ်တမ်း” ကမ္ပည်းကျောက်စာအား အလှူ့ရှင်မိသားစုများက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ စေတီတော်မြတ်၏ ရွှေထီးတော်အထွဋ်တင်လှူပူဇော်ခဲ့ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများလောင်းလှူဒါန်းခဲ့ကြသည်။ ညပိုင်းတွင် ဆရာတော်အရှင်မြတ်များက ဘုရားအနေကဇာတင်ခြင်း၊ LED မီးလျှပ်စစ်မီး၊ ဖယောင်းတိုင်၊ ဆီမီးတစ်ထောင်တို့ဖြင့် စေတီတော်အား ထွန်းညှိပူဇော်ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ မတ် ၂ ရက် (တောင်သူလယ်သမားနေ့)တွင် သက်သာဈေးရောင်းချခြင်းကို ရပ်နားထားပြီး မတ် ၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အိုးဘို-၁လမ်း၊ ၇၅ လမ်းနှင့် ၇၆ လမ်းကြား၊ အိုးဘိုရပ်ကွက်နှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ဇေယျာဝတီကမ်းနားလမ်းတို့တွင်လည်းကောင်း၊ မတ် ၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရှေ့ ၇၃ လမ်း၊ လမ်း ၄၀နှင့် ၄၁လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၆၄ လမ်းနှင့် ၁၁၁ လမ်းထောင့်၊ ဓမ္မာရုံရှေ့တို့တွင်လည်းကောင်း၊ မတ် ၆ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ ၅၈ လမ်း၊ ၁၂၈ လမ်းနှင့် ၁၂၉ လမ်းကြားတွင်လည်းကောင်း၊ မတ် ၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံအနောက်ဘက်တို့တွင်လည်းကောင်း ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။ (အောက်ပုံ)

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် တောင်သူဦးကြီးများက အားစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် "မျိုး၊ မြေ၊ ရေ၊ နည်း" ဆိုသော အဓိကလိုအပ်ချက်(၄) ချက်တို့ကို ပြည့်စုံကောင်းမွန်ရေး နိုင်ငံတော်ကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

တောင်သူလယ်သမားကြီးများသည် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ ပူးတွဲလုပ်ဆောင်ကြပြီး နိုင်ငံအတွက် စားရေရိက္ခာ ထုတ်လုပ်ပေးနေသူများဖြစ်ကြပါသည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို ဦးဆောင်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိပါသည်။ ထို့ပြင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင်လည်း **"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"** ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းချမှတ်၍ အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**တောင်သူလယ်သမားကြီးများ ခင်ဗျာ**

တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေး၊ ပြည်တွင်း၌ စားရေရိက္ခာဖူလုံပိုလျှံရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရေးတို့အတွက် သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးကိုလည်း နိုင်ငံတော်က အလေးထားကြိုးပမ်းလျက်ရှိပါသည်။ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအတွက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ အလွယ်တကူ လက်လှမ်းမီစိုက်ပျိုးနိုင်စေရေး၊ မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များ၊ မျိုးစေ့ထုတ် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ဒေသအသီးသီးရှိ သီးနှံမျိုးများအလိုက် လိုအပ်သောမျိုးစေ့များကို ရရှိနိုင်စေရန် ဌာနဆိုင်ရာ မျိုးစေ့ထုတ်ခြံများမှ မျိုးစေ့ထုတ်လုပ်ငန်းနှင့် မျိုးသန့်မျိုးစေ့ပွားများလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ထုတ်အထူးဇုန်များ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့အပြင် မျိုးကောင်း၊ မျိုးသန့် မျိုးစေ့များနှင့် အထွက်တိုးရေးဆိုင်ရာ သုတေသနများ လေ့လာနိုင်ရန် မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို တွဲဖက်၍ အချိန်ကိုက်အချိုးကျသုံးစွဲစေခြင်း၊ သစ်စိမ်းမြေဩဇာအတွက် ပိုက်ဆံလျှော်နှင့် ပဲမျိုးရင်းဝင်အပင်များကို စိုက်ပျိုး၍ ထယ်ထိုးမြေမြှုပ်ခြင်း၊ မြေဆွေးပုံပြုလုပ်သုံးစွဲခြင်းများကို ပညာပေးဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဓာတ်မြေဩဇာများ စိုက်ပျိုးရာသီအမီရရှိရေး၊ ဈေးနှုန်းသက်သာစေရေး၊ အရည်အသွေးမှန်ကန်စေရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

အလားတူ တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သီးနှံများ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများအပြင် သောက်သုံးရေ ရရှိရေးလုပ်ငန်းများကိုပါ နည်းလမ်းမျိုးစုံဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ အနာဂတ်ရေရှားပါးလာနိုင်မှု အခက်အခဲအား ဖြေရှင်းနိုင်ရန် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်၊ ရေတံခါးများနှင့်ရေသောက်စနစ်များကိုတည်ဆောက်ပေးလျက်ရှိပါသည်။ ရာဂီမုန်တိုင်း တိုက်ခတ်ခြင်းနှင့် မန္တလေးငလျင်ကြီးစသည့် သဘာဝဘေးဒဏ်များကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆည်၊ တမံ၊ ရေသောက်စနစ်များ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို တောင်သူဦးကြီးများ၏ လိုအပ်ချက်နှင့်အညီ ဦးစားပေးပြုပြင်မှုများ လုပ်ဆောင်ပေးခဲ့ပါသည်။

ဆည်ရေသောက်ဧရိယာပြင်ပရှိ စိုက်ပျိုးရေခက်ခဲသည့်ဒေသများတွင် မြေအောက်ရေကို စက်ရေတွင်းများ တူးဖော်ခြင်း၊ ချောင်းပိတ်မြောင်းပိတ်စနစ်ဖြင့် ရေပေးဝေခြင်းစသည့် ရေရရှိရေးနည်းလမ်းမျိုးစုံဖြင့် ရေသွင်းစိုက်ဧရိယာ စိုက်ပျိုးဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ယခင်တူးဖော်ပြီး စက်ရေတွင်းများတွင် ဆိုလာစနစ် ပြောင်းလဲတပ်ဆင်ခြင်း၊ မြစ်၊ ချောင်း၊ ကန်၊ မြောင်းများမှ ဆိုလာစနစ်ဖြင့် ရေတင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသများတွင် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နည်းပညာပေး ဆောင်ရွက်မှုအနေဖြင့် မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာများ၊ ရေလိုအပ်ချက်နည်းသော သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာများ၊ ရေတော်ဒဏ်၊ မိုးခေါင်ဒဏ်၊ ဆားငန်ဒဏ် ခံနိုင်ရည်ရှိသောမျိုးများ ရွေးချယ်စိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာများ၊ ရေအလေအလွင့် နည်းပါးစေသည့် စနစ်တကျ ရေသွင်းနည်းစနစ်ဆိုင်ရာ နည်းပညာများ၊ မြေဆီလွှာ၊ မျိုးစေ့၊ ပိုးမွှားရောဂါ (မြေ၊ မျိုး၊ ပိုး) ဆိုင်ရာ နည်းပညာတို့ကို ပညာပေးခြင်းအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

သီးနှံစိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းရရှိစေရန် မြေပြုပြင်ချိန်မှသည် ရိတ်သိမ်းချိန်အထိ လိုက်နာရမည့် လုပ်ငန်းစဉ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများအား ပညာပေးခြင်း၊ နည်းပညာပေး ဆွေးနွေးပွဲများ၊ စံပြကွက်များ၊ ကွင်းသရုပ်ပြပွဲများ ပြုလုပ်နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးမှ တာဝန်ရှိသူများအနေဖြင့် တောင်သူများနှင့်တွေ့ဆုံ၍ နည်းပညာပေးလုပ်ငန်းများ ဆွေးနွေးခြင်း၊ ကြုံတွေ့ရသည့် အခက်အခဲများအား ကူညီဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားကြီးများ ခင်ဗျာ**

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ယခင်က ရိုးရာနည်းစနစ်များအပေါ်တွင်သာ အဓိကအခြေခံခဲ့သော်လည်း ယခုအခါ Artificial Intelligence (AI) နှင့် Digital Technology များကြောင့် အနာဂတ်တွင် ခေတ်မီစိုက်ပျိုးရေးစနစ် (Smart Farming)သို့ အသွင်ကူးပြောင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ တောင်သူဦးကြီးများအနေဖြင့် မျိုးစေ့ချချိန်မှ ရိတ်သိမ်းချိန်အထိ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် AI အခြေပြု Application များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ပါက စမတ်ဖုန်းဖြင့် သီးနှံအရွက်ကို ဓာတ်ပုံရိုက်ရုံမျှဖြင့် ကျရောက်နေသော ပိုးမွှားရောဂါများကို စက္ကန့်ပိုင်းအတွင်း တိကျစွာဖော်ထုတ်၍ ထိန်းချုပ်နိုင်ခြင်း၊ ဒေသအလိုက် မိုးလေဝသခန့်မှန်းချက်များအပေါ် အခြေခံ၍ ရေသွင်းခြင်းနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများကို စနစ်တကျစီမံနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် တောင်သူများအကြား ဒစ်ဂျစ်တယ် အသိပညာ (Digital Literacy) မြင့်မားလာခြင်းနှင့် အတူ ပညာရှင်များနှင့် တိုက်ရိုက်ထိတွေ့ ဆွေးနွေးနိုင်ခြင်း၊ ရေဒီယိုနှင့် တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းတို့မှတစ်ဆင့် ဝန်ဆောင်မှုများပေးနိုင်ခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များရှိ QR Code များမှတစ်ဆင့် အလွယ်တကူကြည့်ရှုနိုင်ခြင်းတို့ကြောင့် အသိပညာပြန့်ပွားမှု ထိရောက်မြန်ဆန်လာမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ AI နည်းပညာနှင့် ဒစ်ဂျစ်တယ်အသိပညာများ တိုးတက်မြင့်မားသုံးစွဲနိုင်ရန် နိုင်ငံတော်မှလည်း ကြိုးပမ်းအားထုတ်ပေးနေပါသည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချရေးနှင့် ပြည်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများ ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်သုံးစွဲနိုင်ရေး ရည်မှန်းချက်ဖြင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများကို လက်ရှိစိုက်ပျိုးထုတ်လုပ်မှုထက် အရည်အသွေးနှင့် အထွက်နှုန်းပါ ပိုမိုကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်ပေးကြပါရန် အလေးထားတိုက်တွန်းမှာကြားလိုပါသည်။

လူတစ်ဦး တစ်နှစ်လိုအပ်သည့် ဝတ်ရေးဖူလုံစေရန်၊ ပိုလျှံသည်များ ပြည်ပသို့ တင်ပို့ရောင်းချရန်နှင့် သွင်းကုန်အစားထိုးရန် ရည်မှန်း၍ အရည်အသွေးအဆင့်အတန်းမီ ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်ပါသည်။ ၂၀၂၄-၂၀၂၅ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း စိုက်ဧရိယာဧက ခြောက်သိန်းအထိ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧက ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေးနှင့် အရည်အသွေးကောင်း ဝါနှင့်ဝါဂွမ်းများ ထုတ်လုပ်နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ဝါစိုက်တောင်သူဦးကြီးများအနေဖြင့်လည်း တက်ကြွစွာပါဝင်ကြိုးစားကြရန် တိုက်တွန်းလိုပါသည်။ နိုင်ငံတော်မှလည်း အရည်အသွေးမြင့် ဝါမျိုးကောင်း မျိုးသစ်များ ထုတ်လုပ်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထွက်ရှိလာသော ဝါနှင့် ဝါဂွမ်းများကို စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဝါကြိတ်စက်များ၊ ချည်မျှင်စက်ရုံများ၏ ပြည်တွင်းကုန်ကြမ်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဟန်ချက်ညီ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး စီမံပေးထားပြီး ဖြစ်ပါသည်။

ဟင်းသီးဟင်းရွက်သီးနှံများတွင် အရည်အသွေးထိန်းသိမ်းခြင်း၊ ရိတ်သိမ်းချိန်လွန် ခေတ်မီနည်းပညာများအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ Virtual နည်းဖြင့်လည်းကောင်း၊ In person နည်းဖြင့်လည်းကောင်း နည်းပညာဖြန့်ဝေပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလားတူ နှစ်ရှည်သီးနှံများဖြစ်သည့် ကော်ဖီ၊ ရော်ဘာ၊ ကြံ၊ ဝါးစသည့် သီးနှံများဖြင့် Agro-based Industry တည်ထောင်နိုင်ရေးအတွက် စက်မှုကုန်ကြမ်းထုတ်လုပ်မှု တိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားကြီးများ ခင်ဗျာ**

နိုင်ငံတော်၏ လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပေးရန် အလယ်အလတ်အဆင့်စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ၁၅ ကျောင်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

နိုင်ငံတော်သည် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများ သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် မိုးစပါးနှင့် ၂၀၂၆ ခုနှစ် နွေစပါးတို့တွင် အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ၁၁၅၀၀၀၀ ကျပ် သတ်မှတ်ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါသည်။

**"နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်"** ဆိုသည့် မူဝါဒနှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေရန် ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ထူထောင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေရရှိရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုလယ်ယာကဏ္ဍတို့ ဖွံ့ဖြိုးရေးအတွက်လည်း ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် အရည်အသွေးကောင်းမွန်သော ဆန်များ ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးမြင့်ရရှိစေရန်နှင့် စပါးစိုက်တောင်သူဦးကြီးများအတွက် အခွင့်အလမ်းကောင်းများ ရရှိစေရန် ရည်ရွယ်၍ Rice Export Zone (REZ) များ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

စာမျက်နှာ ၄ သို့ ☆

❖ **တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေး၊ ပြည်တွင်း၌ စားရေရိက္ခာ ဖူလုံပိုလျှံရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရေးတို့အတွက် သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးကိုလည်း နိုင်ငံတော်က အလေးထားကြိုးပမ်းလျက်ရှိ**

❖ **စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအတွက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ အလွယ်တကူ လက်လှမ်းမီ စိုက်ပျိုးနိုင်စေရေး၊ မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များ၊ မျိုးစေ့ထုတ် သမဝါယမ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိ**

❖ **ဒေသအသီးသီးရှိ သီးနှံမျိုးများအလိုက် လိုအပ်သောမျိုးစေ့များကို ရရှိနိုင်စေရန် ဌာနဆိုင်ရာ မျိုးစေ့ထုတ်ခြံများမှ မျိုးစေ့ထုတ်လုပ်ငန်းနှင့် မျိုးသန့်မျိုးစေ့ပွားများ လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ထုတ်အထူးဇုန်များ ဖော်ထုတ် ဆောင်ရွက်ပေးခြင်းတို့အပြင် မျိုးကောင်း၊ မျိုးသန့် မျိုးစေ့များနှင့် အထွက်တိုးရေးဆိုင်ရာ သုတေသနများ လေ့လာနိုင်ရန် မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိ**

✰ စာမျက်နှာ ၃ မှ

**တောင်သူလယ်သမားကြီးများ ခင်ဗျာ**

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် လုပ်သားရှားပါးမှုကြောင့် မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ အပင်ပြုစုပျိုးထောင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း စသည့် အဆင့်တိုင်းတွင် စက်မှုလယ်ယာစနစ်ကို ကျင့်သုံးနိုင်ရေးနှင့် မိရိုးဖလာ လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး စိုက်ပျိုးထုတ်လုပ်နိုင်ရေး စက်မှုလယ်ယာစနစ်ကျ လယ်မြေကောက်များ ဖော်ထုတ်ပေးခြင်းကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ တစ်ဖက်မှလည်း လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာအသုံးပြုလာစေရန်နှင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်မောင်းနှင် ထိန်းသိမ်းနိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်၊ ပြင်ဆင်ထိန်းသိမ်းမှု သင်တန်းများကို စက်မှုလယ်ယာသင်တန်းကျောင်းများ၊ စက်ပြင်အလုပ်ရုံများနှင့် စက်မှုလယ်ယာစခန်းများတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိပါသည်။

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ဖြန့်ဖြူးခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးများ ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ မျိုးမြှင့်၊ မျိုးပွား၊ မျိုးထိန်းသိမ်းပေးခြင်းအနေဖြင့် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိ၍ ထုတ်လုပ်မှုနှုန်းထားကောင်းသည့် မျိုးကောင်းမျိုးသန့်များပြန့်ပွားစေခြင်း၊ မွေးမြူရေးတောင်သူများအနေဖြင့် ဈေးကွက်နှင့်ကိုက်ညီသော မျိုးများ မွေးမြူထုတ်လုပ်နိုင်ရေး မေထုန်မဲ့ သားစပ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ မျိုးထိန်း၊ မျိုးပွား၊ သုတေသနခြံများ တည်ထောင်ပြီး တောင်သူများအား မျိုးဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွေးမြူရေးနှင့်ပတ်သက်၍ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices-GAHP) နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေး ပညာပေးခြင်း၊ တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ သင်တန်းများ၊ ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာသင်တန်းများ၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးရေးသင်တန်းများ ပို့ချပေးခြင်း၊ တောင်သူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား အသိပညာပေးဟောပြောခြင်း စသည့်လုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် တိရစ္ဆာန်အစာ ထုတ်လုပ်ရန်အတွက် ပြည်တွင်း၌ အလွယ်တကူ ရနိုင်သည့်ကုန်ကြမ်းများအား ပြည်တွင်းရှိ အစာစပ်စက်ရုံများမှ သိပ္ပံနည်းကျ ခေတ်မီစက်ကိရိယာများဖြင့် တိရစ္ဆာန် အစာနှ၊ အစာတောင့်များ ထုတ်လုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချနိုင်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားဦးကြီးများ ခင်ဗျာ**

ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖမ်းဆီး၊ မွေးမြူ ပြုပြင်ထုတ်လုပ်သူများနှင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးစေရန် နည်းပညာများ ပံ့ပိုးပေးခြင်း၊ အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် ကျေးလက်ဒေသ ငါးကဏ္ဍဖွံ့ဖြိုးရေးကို မြစ်မိးရောင်ကျေးရွာ(ငါးကဏ္ဍ) စီမံကိန်းအစီအစဉ်ဖြင့် အရင်းမပျောက် မတည်ရင်းနှီးငွေ ထောက်ပံ့ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ဒေသ၊ ရာသီဥတု၊ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီဖြစ်ထွန်းသည့် ငါးမျိုးများ ဖြန့်ဖြူးခြင်း၊ သဘာဝမြစ်ချောင်းများ၊ ဆည်တမံများတွင် ငါးမျိုးမသုန်းစေရန်နှင့် ငါးထွက်နှုန်း တိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့် ငါးမျိုးများ ငါးသားပေါက်များကို စဉ်ဆက်မပြတ်ထုတ်လုပ်၍ မျိုးစိုက်ထည့်ခြင်းနှင့် ဖြန့်ဖြူးပေးခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူနည်းပညာများအား ငါးမွေးတောင်သူများကို လက်တွေ့သင်ကြားပြန့်ပွားပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် အခြေခံကျကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြသည့် တောင်သူလယ်သမား ဦးကြီးများ၏ လိုအပ်ချက်များနှင့် သိပ္ပံနည်းကျစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အနေဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီသွားမည် ဖြစ်ပါသည်။ တောင်သူလယ်သမားဦးကြီးများကလည်း စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် လုပ်ငန်းများကို စိုက်ပျိုးမွေးမြူရေးအခြေခံ စက်မှုလုပ်ငန်းများ ပိုမိုအောင်မြင်တိုးတက်ရေး အလေးအနက်ထားကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း တိုက်တွန်းမှာကြားလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ယာယီသမ္မတ၊**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်**
**အေးချမ်းသာယာရေး ကော်မရှင်**

✣ စစ်ကိုင်းမြို့ ရှေးဟောင်းသမိုင်းဝင်မှ

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စေတနာရှင် အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ်က အောင်မြေဗောဓိ ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး သစ်သီးပန်းမန်၊ ဆီမီးနှင့် သောက်တော်ရေချမ်းတို့ကို ကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက သီတဂူဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ယင်းနောက် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွား ချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ဆက်လက်၍ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော် ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများကို သီတဂူဆရာတော်ဘုရားကြီးထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်လှူဒါန်းပူဇော်သည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူးနှင့် ဇနီးတို့က ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို သီတဂူဆရာတော်ဘုရားကြီးနှင့် သံဃာတော်များထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အကြီးအကဲများနှင့် ဧည့်ပရိသတ်များက ရတနာငှက်မြတ်နားတော်ရှိ ရတနာရွှေကြုတ်တော်အတွင်းသို့ ရတနာရွှေငွေ ကျောက်သံပတ္တမြားများကို ကြည်ညိုသဒ္ဓါပွားများစွာ ထည့်သွင်း လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ဧည့်ပရိသတ်များသည် သီတဂူဆရာတော်ဘုရားကြီးထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကော်မရှင် အတွင်းရေးမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ မဟာမင်္ဂလာမဏ္ဍပ်တော်ရှေ့ရှိ ခေတ္တအပူဇော်ခံနေရာသို့ ပို့ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာဆင်ယင်ကြသည်။

ယင်းနောက် သီတဂူဥပါသကာများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်ကြပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ်၊ ကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

ဆက်လက်၍ ရှေးဟောင်းသမိုင်းဝင် ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူ ပူဇော်ပွဲအခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

အခမ်းအနား အပြီးတွင် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ကြွရောက်ချီးမြှင့်တော်မူကြသည့် သီတဂူဆရာတော်ကြီး အမှူးပြုသည့် ဆရာတော် အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မနော်ဟာရီပန်းချီပြခန်း တစ်နှစ်ပြည့် အထိမ်းအမှတ်ပန်းချီပြပွဲ ကျင်းပ


**မန္တလေး မတ် ၁**

မန္တလေးမြို့ရှိ မနော်ဟာရီပန်းချီအနုပညာပြခန်း၏ တစ်နှစ်ပြည့်မြောက်ခြင်း အထိမ်းအမှတ် ပန်းချီပြပွဲကို မတ်လ ၁ ရက်မှ ၃ ရက်အထိ အဆိုပါပြခန်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ပန်းချီဆရာ ဇော်မင်း(မန္တလေး)နှင့် Htay Art တို့၏ မော်ဒန်ပန်းချီလက်ရာများအပြင် ရေဆေး(Water Colour) ပန်းချီကားများ စုစုပေါင်း ၅၁ ကားကို ခင်းကျင်းပြသထားသည်။ ပြပွဲတွင် ထူးခြားချက်အနေဖြင့် ပုံမှန်ဆိုဒ်များသာမက ခြောက်ပေ၊ လေးပေအရွယ်အစားရှိ ရေဆေးပန်းချီကားကြီးများကိုပါ ဖန်တီးပြသထားသည်။

"Water Colour ပန်းချီကားတွေကို ပုံမှန်ဆိုဒ်တွေပဲ ရေးကြတာများပေမယ့် အခုပွဲမှာတော့ လာရောက်ကြည့်ရှုတဲ့ ပရိသတ်တွေ ထူးထူးခြားခြားဖြစ်သွားအောင် ခြောက်ပေ၊ လေးပေ အရွယ်အစားရှိ ပန်းချီကားကြီးတွေကို ရေးဆွဲတင်ဆက်ပေးထားပါတယ်" ဟု ပန်းချီဆရာဇော်မင်း(မန္တလေး)က ပြောသည်။

မနော်ဟာရီပန်းချီပြခန်းကို မန္တလေးမြို့၊ ၅၆ လမ်း၊ ၁၁၀ လမ်းနှင့် ၁၁၁ လမ်းကြားတွင် ဖွင့်လှစ်ထားရှိသည်။ အဆိုပါပြခန်းကို အနုပညာပြပွဲများ ပြသလိုသူများအတွက် သက်သာသောဈေးနှုန်းများဖြင့် ငှားရမ်းပေးလျက်ရှိပြီး အနုပညာဝါသနာရှင် မည်သူမဆို နေ့စဉ်လာရောက်လေ့လာနိုင်ကြောင်း သိရသည်။




(မန္တလေးနေ့စဉ်-ဧ)

# ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၄၃ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**သရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ ဦးအောင်လင်းဒွေး | အမှုဆောင်ချုပ် | အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး |
| ၂။ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး | တွဲဖက်အမှုဆောင်ချုပ် | အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး |
| ၃။ ဦးတင်အောင်စန်း | ပြည်ထောင်စုဝန်ကြီး | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) |
| ၄။ ဦးမြထွန်းဦး | ပြည်ထောင်စုဝန်ကြီး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၅။ ဗိုလ်ချုပ်ကြီးမောင်မောင်အေး | ပြည်ထောင်စုဝန်ကြီး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် | ပြည်ထောင်စုဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၇။ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် | ပြည်ထောင်စုဝန်ကြီး | နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| ၈။ ဦးမောင်မောင်အုန်း | ပြည်ထောင်စုဝန်ကြီး | ပြန်ကြားရေးဝန်ကြီးဌာန |
| ၉။ ဦးမင်းနောင် | ပြည်ထောင်စုဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၁၀။ Jeng Phang နော်တောင် | ပြည်ထောင်စုဝန်ကြီး | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |
| ၁၁။ ဦးမျိုးသန့် | ပြည်ထောင်စုဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |

**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ ဦးသန်းစိုး | ဥက္ကဋ္ဌ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၂။ ဦးကိုကိုလှိုင် | ပြည်ထောင်စုဝန်ကြီး | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) |
| ၃။ ဒေါက်တာသီတာဦး | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် | ဥပဒေရေးရာဝန်ကြီးဌာန |
| ၄။ ဦးတင်ဦးလွင် | ပြည်ထောင်စုဝန်ကြီး | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၅။ ဦးလှမိုး | ပြည်ထောင်စုဝန်ကြီး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၆။ ဦးခင်မောင်ရီ | ပြည်ထောင်စုဝန်ကြီး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၇။ ဒေါက်တာချာလီသန်း | ပြည်ထောင်စုဝန်ကြီး | စက်မှုဝန်ကြီးဌာန |
| ၈။ ဦးမြင့်ကြိုင် | ပြည်ထောင်စုဝန်ကြီး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန |
| ၉။ ဒေါက်တာမျိုးသိန်းကျော် | ပြည်ထောင်စုဝန်ကြီး | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၁၀။ ဒေါက်တာသက်ခိုင်ဝင်း | ပြည်ထောင်စုဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

| | | |
|---|---|---|
| ၁။ ဦးအောင်ကျော်ဟိုး | ပြည်ထောင်စုဝန်ကြီး | အလုပ်သမားဝန်ကြီးဌာန |
| ၂။ ဦးချစ်ဆွေ | ပြည်ထောင်စုဝန်ကြီး | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၃။ ဦးအောင်မိုးမြင့် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၄။ ဦးအောင်လွင်ဦး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅။ ဦးအောင်စောဝင်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၆။ ဦးမြင့်ဦး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇။ ဦးခင်မောင်ဦး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈။ ဦးမြင့်သိန်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉။ ဦးကိုကိုလွင် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀။ ဦးသန်းအောင်ကျော် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁။ ဦးခင်ဇော် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၂။ ဦးမျိုးလှိုင် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၃။ ဦးသန်းထွတ်သိန်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၄။ ဦးတင်ဆွေဝင်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၅။ ဦးအောင်မြင့်လွင် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၆။ ဦးခင်မောင်ကြီး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၇။ ဦးမျိုးမောင် | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၈။ ဦးကြည်သိန်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် |
| ၁၉။ ဒေါ်ခင်သင်းဝေ | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် |
| ၂၀။ ဦးခင်မောင်ကျော် | အဖွဲ့ဝင် | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ |

**ဇေယျကျော်ထင်ဘွဲ့**

| | | |
|---|---|---|
| ၁။ ဒုတိယဗိုလ်ချုပ်ကြီး | ကျော်ကိုထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ ဗိုလ်ချုပ် | ကြည်သိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ ဗိုလ်ချုပ် | ကျော်လင်းမောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ ဗိုလ်ချုပ် | ကျော်စွာဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ ဗိုလ်ချုပ် | ကျော်ကျော်ထူး | ကာကွယ်ရေးဝန်ကြီးဌာန |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | |
|---|---|---|
| ၁။ ဒေါ်ပြုံးပြုံးအေး | တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၂။ ဒေါက်တာကိုကိုနိုင် | တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၃။ ဒေါ်စိုးခက်ခက် | တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၄။ ဒေါ်သင်းသင်းချို | တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၅။ ဦးကျော်ထင် | ဒုတိယဝန်ကြီး | နိုင်ငံတော်ဝန်ကြီးချုပ်ရုံးနှင့် အမျိုးသား စီမံကိန်းဝန်ကြီးဌာန |
| ၆။ ဒေါက်တာတင်ထွဋ် | ဒုတိယဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၇။ ဦးဗိုလ်ဗိုလ်ကျော် | ဒုတိယဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၈။ ဦးမင်းမင်း | ဒုတိယဝန်ကြီး | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၉။ ဦးမျိုးမြင့် | ဒုတိယဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၀။ ဦးမြင့်စိုး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၁၁။ ဦးမြင့်ဦး | အမြဲတမ်းအတွင်းဝန် | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၂။ ဦးအောင်ကျော်ဇံ | သံအမတ်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၃။ ဒေါ်မွေးမွေးခိုင် | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၄။ ဦးညွန့်ဟန် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၅။ ဒေါ်နုနုခင် | ပါမောက္ခ/ဌာနမှူး (သဘင်)(ငြိမ်း) | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၆။ ကောလိပ်မြိုင် | | အငြိမ့်မင်းသမီးကြီး |

**အလင်္ကာကျော်စွာဘွဲ့**

| | | |
|---|---|---|
| ၁။ ဦးသန်းမြတ်စိုး | | အဆိုပညာရှင် |
| ၂။ ဦးကေတုဝင်းထွဋ် | | အဆိုပညာရှင် |
| ၃။ ခန့်စည်သူ | | သရုပ်ဆောင် |

**သိပ္ပကျော်စွာဘွဲ့**

| | | |
|---|---|---|
| ၁။ ဒေါက်တာကေသီလွင် | ပါမောက္ခချုပ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၂။ ဦးကျော်ကောင်းချို | ညွှန်ကြားရေးမှူးချုပ် | ဆောက်လုပ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | |
|---|---|---|
| ၁။ ဒုတိယဗိုလ်မှူးကြီး အေးမျိုးထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ ဗိုလ်မှူး အံ့ကျော် | | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များ**

**ရဲဗလတံဆိပ်**

| | | |
|---|---|---|
| ၁။ ဦးနေထွန်းသန်း | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂။ ဦးဇော်မင်းနိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃။ ဦးကျော်မြတ်သူ | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄။ ဦးဝင်းမြတ်ထူး | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅။ ဦးသန့်ဇင်အောင် | ယာဉ်မောင်း-၅ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆။ ဦးမောင်စန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ ဦးဝင်းကို(ခ)ညီညီ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ ဦးသန်းလွင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ ဦးဝင်းဗိုလ် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ ဦးကျော်စွာဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ ဦးသိန်းလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂။ ဦးငြိမ်းချမ်းအောင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၃။ ဦးအောင်မင်းခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၄။ ဦးအေးကိုကိုဟန် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၅။ ဦးဖိုးချို | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၆။ ဦးစိန်ယွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၇။ ဦးဝင်းငြိမ်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၈။ ဦးအောင်စိုး | | တနင်္သာရီတိုင်းဒေသကြီး |
| ၁၉။ ဦးနိုင်ဇော်မြင့်ဦး | | ပဲခူးတိုင်းဒေသကြီး |
| ၂၀။ ဦးစိန်ဝင်းမြင့် | | ပဲခူးတိုင်းဒေသကြီး |
| ၂၁။ ဦးစိုးလေး | | ပဲခူးတိုင်းဒေသကြီး |
| ၂၂။ ဦးသိန်းနိုင် | | ပဲခူးတိုင်းဒေသကြီး |

စာမျက်နှာ ၆ သို့ »»

»»» စာမျက်နှာ ၅ မှ

| | | |
|---|---|---|
| ၂၃။ ဦးဇာနည်ဝင်း | | ပဲခူးတိုင်းဒေသကြီး |
| ၂၄။ ဦးခင်မော် | | မကွေးတိုင်းဒေသကြီး |
| ၂၅။ ဦးဟန်ဇော်ထွန်း | | မကွေးတိုင်းဒေသကြီး |
| ၂၆။ ဦးလင်းထင် | | မကွေးတိုင်းဒေသကြီး |
| ၂၇။ ဦးသီဟဇော် | | မကွေးတိုင်းဒေသကြီး |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များ**

**ရဲသူရိန်တံဆိပ်**

| | | |
|---|---|---|
| ၁။ ဒုတိယရဲမှူးကြီး | ဝင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ ဒုတိယရဲမှူးကြီး | ရဲဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**ရဲကျော်စွာတံဆိပ်**

| | | |
|---|---|---|
| ၁။ ရဲမှူး | ခင်ဇော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ ရဲမှူး | ဇော်ဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ ရဲမှူး | စိုးလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**ရဲကျော်သူတံဆိပ်**

| | | |
|---|---|---|
| ၁။ ဒုတိယရဲမှူး | လှမြင့်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

**စီမံထူးချွန်တံဆိပ် (ပထမဆင့်)**

| | | |
|---|---|---|
| ၁။ ဦးအောင်သွင်ဦး | အမြဲတမ်းအတွင်းဝန် | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၂။ ဦးဝဏ္ဏဇော် | အမြဲတမ်းအတွင်းဝန် | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၃။ ဦးအောင်သူရ | ညွှန်ကြားရေးမှူးချုပ် | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၄။ ဒေါက်တာ တင်တင်လေး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ ပါမောက္ခဒေါက်တာ တင့်ဆွေလတ် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ ဒေါက်တာအောင်မွန် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ ပါမောက္ခဒေါက်တာ သိန်းဆွေ | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ ဦးဝင်းမြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၉။ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း |

**စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | | |
|---|---|---|
| ၁။ ဦးအောင်ကျော်မိုး | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄) |
| ၂။ ဦးဇော်ဖြိုးဝင်း | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃။ ဦးသိန်းတိုး | ညွှန်ကြားရေးမှူးချုပ် | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၄။ ဦးစိုးထွန်းနိုင် | ညွှန်ကြားရေးမှူးချုပ် | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၅။ ဒေါ်ခိုင်ရွှေဝါ | ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၆။ ပါမောက္ခ ဒေါက်တာမျိုးသွယ် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ ပါမောက္ခ ဒေါက်တာ ဘမြင့် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ ပါမောက္ခ ဒေါက်တာခင်မောင်မြင့် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ ပါမောက္ခ ဒေါက်တာရဲလှိုင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ ပါမောက္ခ ဒေါက်တာထင်ဇော်စိုး | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁။ ဦးတင့်လွင် | အထွေထွေမန်နေဂျာ(မြို့ပြ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၁၂။ ဦးကျော်သီဟ | အင်ဂျင်နီယာချုပ်(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၃။ ဦးတင်မောင်ထွေး | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |

**စီမံထူးချွန်တံဆိပ်(တတိယဆင့်)**

| | | |
|---|---|---|
| ၁။ ဒေါ်နွယ်နီထွန်း | ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂။ ပါမောက္ခဒေါက်တာသန်းချို | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃။ ပါမောက္ခ ဒေါက်တာသန်းနုရွှေ | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄။ ပါမောက္ခ ဒေါက်တာငွေးဆောင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ ပါမောက္ခ ဒေါက်တာခင်မေအုန်း | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ ပါမောက္ခ ဒေါက်တာစိုးနောင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ ပါမောက္ခ ဒေါက်တာမြင့်နိုင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ ပါမောက္ခ ဒေါက်တာမြမြသန်း | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ ဦးသက်ခိုင်ဦး | လေယာဉ်မှူး | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၁၀။ ဦးခင်ရွှေ | ဒုတိယညွှန်ကြားရေးမှူးချုပ် | စက်မှုဝန်ကြီးဌာန |
| ၁၁။ ဒေါ်လှလှသီ | အထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၁၂။ ဦးမိုးဆွေ | အထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၁၃။ ဦးဝင်းရွှေ | ဒုတိယညွှန်ကြားရေးမှူးချုပ် | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၄။ ဦးညီညီနိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၅။ ဒေါ်နန်းလောဝ်ဟွမ် | ဒုတိယညွှန်ကြားရေးမှူးချုပ် | တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |
| ၁၆။ ဒေါ်သန္တာဖြူအေး | ဒုတိယအမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၇။ ဒေါ်မြတ်ဖြူပြာကြည် | ဒုတိယညွှန်ကြားရေးမှူးချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၈။ ဒေါ်ခင်စန္ဒာ | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၁၉။ ဒေါ်ကြည်မိုးမိုးအေး | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၀။ ဒေါ်ငြိမ်းငြိမ်းမြင့် | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၁။ ဒေါ်ကလျာနေထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၂။ ဒေါ်ခင်နွဲ့အောင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၃။ ဦးမျိုးဇော်တူး | ဒုတိယအထွေထွေမန်နေဂျာ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၄။ ဦးဇော်မင်းဦး | ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၅။ ဦးလွှမ်းမိုးဟန် | ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၆။ ဦးဇင်မင်းကို | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၇။ ဦးစောနိုင် | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၈။ ဦးစိုးမောင် | ညွှန်ကြားရေးမှူး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၂၉။ ဦးဦးသွင် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန |
| ၃၀။ ဦးအောင်ဝင်းသိန်း | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန |
| ၃၁။ ဦးညီညီဇော် | ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၃၂။ ဒေါ်ခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၃၃။ ဒေါ်နီလာထွန်း | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၄။ ဒေါ်လေးရွှေဇင်ဦး | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၅။ ဒေါ်ဖြူဖြူဝင်း | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၆။ ဒေါ်ဝင်းစန္ဒာကြည် | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၇။ ဒေါ်ဝင်းဝင်းနွယ် | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၈။ ဦးသူရိန်ထွန်း | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၉။ ဒေါက်တာသီရိမောင် | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၄၀။ ဒေါ်စုစုထွန်း | ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၄၁။ ဦးသန်းနိုင် | ညွှန်ကြားရေးမှူး | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| ၄၂။ ဒေါ်သဥ္ဇာနိုင် | ညွှန်ကြားရေးမှူး | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| ၄၃။ ဒေါ်မြဇင် | ညွှန်ကြားရေးမှူး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၄၄။ ဒေါ်မြသက်မွန် | ညွှန်ကြားရေးမှူး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၄၅။ ဦးသစ်ထူးမြင့် | အမှုဆောင်အရာရှိ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၆။ ဒုတိယဗိုလ်မှူးကြီး ကောင်းပြည့်သျှန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ ဦးကိုကိုဦး | ဒုတိယညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၄၈။ ဦးကျော်စိုးနိုင် | ဒုတိယညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၄၉။ ဦးမင်းခိုင်ဝင်း | ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၀။ ဦးသိန်းစိုး | ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၁။ ဒေါ်ယဉ်ယဉ်ချို | ဒုတိယညွှန်ကြားရေးမှူး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၅၂။ ဗိုလ်မှူးဇော်သက်လင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ ဦးအောင်မင်းဦး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၄။ ဦးမျိုးမင်းစိုး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၅။ ဒေါ်စုစုလွင် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၆။ ဒေါ်ကျော့ကျော့ခိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၇။ ဦးအောင်ငွေစိုး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၈။ ဦးသန်းအေး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၅၉။ ဦးရဲမင်းသော် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၆၀။ ဦးစိုးမင်း | ဒုတိယလေယာဉ်မှူးကြီး | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆၁။ ဦးမောင်ချို | အင်ဂျင်နီယာမှူး (တံတားဘောင်) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆၂။ ဦးအောင်မြင့်သိန်း | အင်ဂျင်နီယာမှူး(မြို့ပြ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆၃။ ဦးအောင်ထွန်းတိုး | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၄။ ဦးဇော်မျိုးအောင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၅။ ဦးသန်းထိုက်အောင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၆။ ဦးနိုင်ဝင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၇။ ဦးဇော်လင်းကျော် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၈။ ဒေါ်ယုယု | လက်ထောက်ညွှန်ကြားရေးမှူး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၆၉။ ဦးဇော်မင်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |

စာမျက်နှာ ၇ သို့ »»»

»»» စာမျက်နှာ ၆ မှ

| | | |
|---|---|---|
| ၇၀။ ဒေါ်တင်မိုးခိုင် | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇၁။ ဦးဝင်းကို | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇၂။ ဒေါ်ဆွေဇင်နု | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၇၃။ ဗိုလ်ကြီး ပြည့်ဖြိုးအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၄။ ဦးကျော်သက်ပိုင် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၅။ ဒေါ်ဆွေဆွေသန်း | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၆။ ဒေါ်မြတ်ရွှေစင် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၇။ ဦးနန်ဇေဖုန်ရမ် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၈။ ဦးကျော်စွာထွန်း | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၇၉။ ဦးမြမင်းမင်းထိုက် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၀။ ဒေါ်ကြည်ကြည်ထွေး | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၁။ ဦးစိုင်းညီညီ | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၂။ ဦးအောင်ကျော်သူ | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၃။ ဒေါ်တင်နီလာမြင့် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၄။ ဒေါ်မေသက်မှူးကျော် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၅။ ဒေါ်ခင်စန္ဒာစိုး | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၆။ ဒေါ်ခင်မျိုးဦး | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၇။ ဒေါ်ခင်မာမြင့် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၈။ ဒေါ်ခင်သက်စုဇော် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၈၉။ ဒေါ်ခိုင်သဉ္ဇာဖြိုး | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၀။ ဒေါ်ကျော့ယမင်းကိုကို | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၁။ ဦးရန်လင်းအောင် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၂။ ဒေါ်ညောင်လေ့နွမ်း | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၃။ ဦးမင်းမင်းနိုင် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၄။ ဦးထူးအာကာကျော် | ဦးစီးအရာရှိ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၉၅။ ဦးအောင်ကိုကိုလင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၆။ ဦးဇော်မျိုးဝင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၇။ ဦးချမ်းပြည့်အောင် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၈။ ဦးတင်လှမောင် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၉။ ဦးကျော်ထင်ကိုကို | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၀။ ဦးသန့်နိုင်ဝင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၁။ ဦးဟုန်းနိန် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၂။ ဦးထက်မြတ်အောင် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၃။ ဒေါ်ခင်စန္ဒာစိုး | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၄။ ဒေါ်ဇင်ဝေကြူ | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၅။ ဦးနေဖြိုးရှိန် | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၆။ ဒေါ်ဝင်းဝါချို | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၇။ ဒေါ်သန်းသန်းစိုး | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၈။ ဒေါ်ခင်သူဇာကျော် | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၀၉။ ဦးအဝိဝမ်ကျော်မိုးအောင် | ဒုတိယဦးစီးမှူး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၀။ ဦးကျော်လင်းထိုက် | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၁။ ဒေါ်ထက်ထက်စိုး | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၂။ ဒေါ်တင်ဇာဝင်း | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၃။ ဒေါ်ဆုရည်နှင်း | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၄။ ဒေါ်ယဉ်ဖြူဖြူစိုး | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၁၁၅။ ဒေါ်မေရိုတ်နိုင် | အငယ်တန်းစာရေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |

**လူမှုထူးချွန်တံဆိပ် (ပထမဆင့်)**

| | | |
|---|---|---|
| ၁။ ဦးလှမြင့် | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ နေဝင်း | | အနုပညာရှင် |
| ၃။ အေးချမ်းမောင် | | အနုပညာရှင် |
| ၄။ မေမြင့်မိုရ်(ခ) မေမြင့်မိုရ်အောင် | | အနုပညာရှင် |
| ၅။ ခြူးလေး(ခ) စန်းသော်တာ | | အနုပညာရှင် |
| ၆။ လက်ာညို (ခ) တေဇာကျော် | | ဇာတ်ညွှန်းရေးဆရာ |
| ၇။ တင်အောင်စိုး(ပန်းမြို့တော်) | | ဒါရိုက်တာ |
| ၈။ ဦးမိုးဟိန်း | | သုရိယနေဝန်း မီဒီယာနှင့် ဂျာနယ် |

**လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | |
|---|---|
| ၁။ ငှက်ပျောကြော်(ခ) မောင်မောင်အေး | လူရွှင်တော်/ သရုပ်ဆောင် |
| ၂။ သွက်လက်(ခ) သိန်းဝင်းအောင် | လူရွှင်တော် |
| ၃။ စူပါလင်း(ခ) သက်အောင် | လူရွှင်တော် |
| ၄။ ဦးဝဏ္ဏ(ခ) အွန်လိုင်းဝဏ္ဏ | Trend Journal |
| ၅။ ဦးနိုင်ဝင်းထွန်း(ခ) နောင်တော်လေး | Myanmar National Post |
| ၆။ ဦးကျော်စိုးဦး | People Media |
| ၇။ ဦးအောင်မိုးကျော် | မြန်မာ့ဂုဏ်သတင်းဌာန |
| ၈။ ဦးထူးမောင်မောင် | UNION Politics News |
| ၉။ ဒေါ်ခက်နှင်းဆု | Sniper Su |
| ၁၀။ ဒေါ်သဇင်ဦး | Thazin Oo/ Truth Zone Online |
| ၁၁။ ဦးအောင်မင်း | Myanmar Hard Talk |

**လူမှုထူးချွန်တံဆိပ် (တတိယဆင့်)**

| | | |
|---|---|---|
| ၁။ ဦးသိန်းဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |
| ၂။ ဦးသက်ဇင် | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃။ ဦးညွှန့်သောင်း | ဦးစီးမှူး(ကွန်ပျူတာ) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄။ ဦးအောင်ဇင်မျိုး | ကျန်းမာရေးမှူး (၂) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ မ-၂၀၂၄၈ | မီးသတ်တပ်ကြပ်ကြီး သန်းလှိုင် | မီးသတ်ဦးစီးဌာန |
| ၆။ ဦးကျော်စွာလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ မနော | | အဆိုပညာရှင် |
| ၈။ J Fire | | အဆိုပညာရှင် |
| ၉။ မေသက်ထားဆွေ | | အဆိုပညာရှင် |
| ၁၀။ ဗိဗာဟိန်း | | အဆိုပညာရှင် |
| ၁၁။ စိုးသီဟ | | အဆိုပညာရှင် |
| ၁၂။ နက္ခတ် | | သရုပ်ဆောင် |
| ၁၃။ နေထူးနိုင် | | သရုပ်ဆောင် |
| ၁၄။ ဗညားရဲရင့် | | တေးရေး/ ဇာတ်ညွှန်းရေးဆရာ |
| ၁၅။ ဇော်ဝင်းနိုင်(မန်း) | | သရုပ်ဆောင် |
| ၁၆။ ဆင်မ | | သရုပ်ဆောင် |
| ၁၇။ ခင်လှိုင် | | သရုပ်ဆောင် |
| ၁၈။ ဝိုင်းလမင်းအောင် | | အဆိုပညာရှင် |
| ၁၉။ မေ့ချစ်သက် | | အဆိုပညာရှင် |

**စီးပွားထူးချွန်တံဆိပ်များ**

**လယ်ယာစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)**

| | |
|---|---|
| ၁။ ဦးထင်ကျော် | ပဲခူးတိုင်းဒေသကြီး |
| ၂။ ဦးတင်မောင်စန်း | ပဲခူးတိုင်းဒေသကြီး |
| ၃။ ဦးတင်မောင်ထွဋ် | ပဲခူးတိုင်းဒေသကြီး |
| ၄။ ဦးကျော်ဝင်းတင့် | မွန်ပြည်နယ် |
| ၅။ ဒေါ်လှတင် | မွန်ပြည်နယ် |
| ၆။ ဦးညာဏ်ဦး | မွန်ပြည်နယ် |
| ၇။ ဦးသိန်းဟံ | မွန်ပြည်နယ် |
| ၈။ ဦးအောင်ကြည် | မွန်ပြည်နယ် |
| ၉။ ဦးတင်အောင်သန်း | ဧရာဝတီတိုင်းဒေသကြီး |
| ၁၀။ ဦးကျော်သူရ | ဧရာဝတီတိုင်းဒေသကြီး |
| ၁၁။ ဦးကြည်ခိုင်စိုး | ဧရာဝတီတိုင်းဒေသကြီး |
| ၁၂။ ဦးဇော်မင်းဦး | ဧရာဝတီတိုင်းဒေသကြီး |

**စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)**

| | |
|---|---|
| ၁။ ဦးဟန်သိန်း(ခ) ဦးချစ်ဖွယ် | ဧရာဝတီတိုင်းဒေသကြီး |

**ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်(ပထမဆင့်)**

| | | |
|---|---|---|
| ၁။ သူရဦးအောင်မျိုးမြင့် | ဦးဆောင်ညွှန်ကြားရေးမှူး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

**ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်(တတိယဆင့်)**

| | | |
|---|---|---|
| ၁။ ဒေါ်သဲရီနှင်း | အကြီးတန်းလေယာဉ်မယ် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂။ ဒေါ်စုသဥ္ဇာကို | လေယာဉ်မယ် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၃။ ဦးကျော်မောင်မောင် | ဖိုက်ဘာဂလပ်(စ်)လုပ်ငန်း | ဧရာဝတီတိုင်းဒေသကြီး |

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ**

**ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)**

| | | |
|---|---|---|
| ၁။ ဦးပေါက်ပေါက် | ညွှန်ကြားရေးမှူး(ငြိမ်း) | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**

| | | |
|---|---|---|
| ၁။ ဒုတိယဗိုလ်မှူးကြီး | သိန်းသန်းဌေး | ကာကွယ်ရေးဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)**

| | | |
|---|---|---|
| ၁။ ဦးဇော်မင်းလတ် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂။ ဦးဝင်းလှိုင်ဦး | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

**အနုပညာထူးချွန်တံဆိပ်(ပထမဆင့်)**

| | |
|---|---|
| ၁။ ရဲအောင် | သရုပ်ဆောင် |
| ၂။ မြင့်မြတ်(ခ)မျိုးမင်းဟိန်း | အနုပညာရှင် |
| ၃။ အောင်ခိုင် | သရုပ်ဆောင် |
| ၄။ မင်းဇော် | တေးရေးပညာရှင် |
| ၅။ ဇော်ဦး | သရုပ်ဆောင် |

**အနုပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**

| | |
|---|---|
| ၁။ L ဆိုင်းဇီ | အဆိုပညာရှင် |
| ၂။ နီနီခင်ဇော် | အဆိုပညာရှင် |
| ၃။ စိုးစန္ဒာထွန်း | အဆိုပညာရှင် |
| ၄။ ထူးအယ်လင်း | အဆိုပညာရှင် |

**စာပေပညာထူးချွန်တံဆိပ်(တတိယဆင့်)**

| | |
|---|---|
| ၁။ ဦးမျိုးငွေး(ဝင်းနွယ်-သစ်တော) | စာပေပညာရှင် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## အီရန်အပေါ် စစ်ရေးအရတိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက တိုက်တွန်း



**ပေကျင်း မတ် ၁**

အမေရိကန်နှင့် အစ္စရေးတို့က အီရန်နိုင်ငံအပေါ် လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းနှင့် ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် များစွာစိုးရိမ်ပူပန်မိပြီး အဆိုပါ စစ်ရေးအရ တိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ရန် တိုက်တွန်းကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက စနေနေ့တွင် ပြောကြားခဲ့သည်ဟု စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဖေဖော်ဝါရီ ၂၈ ရက်မွန်းလွဲပိုင်းတွင် အမေရိကန်နှင့် အစ္စရေးတို့က အီရန်နိုင်ငံအပေါ် စစ်ရေးအရ တိုက်ခိုက်ခဲ့မှုအပေါ် မှတ်ချက်ပေးရန် တောင်းဆိုမှုကို အဆိုပါပြောရေးဆိုခွင့်ရှိသူက တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နှင့် အစ္စရေးတို့၏ အီရန်အပေါ် စစ်ရေးအရ တိုက်ခိုက်မှုများအပေါ် အထူးစိုးရိမ်မိကြောင်းနှင့် အီရန်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားလိုက်နာရမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ၂၀၂၅ ခုနှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုပမာဏ တရုတ်နိုင်ငံ၌ ယခင်နှစ်ကာလတူထက် ၅ ရာခိုင်နှုန်း ကျဆင်းသွား

**ပေကျင်း မတ် ၁**

တရုတ်နိုင်ငံ၏ စွမ်းအင်ချွေတာရေးနှင့် ကာဗွန်လျှော့ချရေး လုပ်ငန်းစဉ်များတွင် ထူးခြားသော တိုးတက်မှုများ ရှိလာခဲ့သည့်အတွက် ၂၀၂၅ ခုနှစ်အတွင်း ဂျီဒီပီ ယွမ် ၁၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၄၄၅) အလိုက် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုသည် ယခင်နှစ်ကာလတူထက် ၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကုန်ကြမ်းအဖြစ် အသုံးပြုသည့် စွမ်းအင်နှင့် ရုပ်ကြွင်းမဟုတ်သော စွမ်းအင်သုံးစွဲမှုတို့ကို ဖယ်ထုတ်လိုက်ပါက ဂျီဒီပီ ယွမ် ၁၀၀၀၀ အလိုက် စွမ်းအင်သုံးစွဲမှုသည် ၂၀၂၅ ခုနှစ်အတွင်း ၅ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အမျိုးသားစာရင်းအင်းဗျူရိုက ပြောကြားသည်။

ရေအားလျှပ်စစ်၊ နျူကလီးယား၊ လေစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်ကဲ့သို့သော သန့်စင်စွမ်းအင်အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် ကီလိုဝပ်နာရီ ၄ ဒသမ ၂၅ ထရီလီယံနီးပါးအထိ ရှိလာခဲ့ပြီး ယခင်နှစ်ထက် ၁၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

စွမ်းအင်သစ်သုံး မော်တော်ယာဉ် ထုတ်လုပ်မှုသည် စုစုပေါင်း ၁၆ ဒသမ ၅၂ သန်းကျော် ရှိခဲ့ရာ ယခင်နှစ်ထက် ၂၅ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်ကုန်တွင် အသုံးပြုလျက်ရှိသော စွမ်းအင်သစ်သုံး မော်တော်ယာဉ်အရေအတွက်သည် ၄၃ ဒသမ ၉၇ သန်းအထိ ရှိလာခဲ့ပြီး ယခင်နှစ်ထက် ၁၂ ဒသမ ၅၇ သန်း တိုးလာကြောင်း သိရသည်။

Mon




STOP AIDS

## အမေရိကန် အမျိုးသားမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ နယူးယောက်မြို့တွင် နှင်းကျ၊ မိုးရွာ၊ မြူဆိုင်းခြင်း ဖြစ်ပေါ်နိုင်

**ဝါရှင်တန် မတ် ၁**

အမေရိကန်အမျိုးသားမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ နယူးယောက်မြို့တွင် ရက်အနည်းငယ်အတွင်း နှင်းကျခြင်း၊ မိုးရွာခြင်းနှင့် မြူဆိုင်းခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ည ၁၁ နာရီမှ နံနက် ၂ နာရီခန့်အထိ နယူးယောက်ဒေသတစ်ဝိုက်တွင် နေရာကွက်၍ မြူဆိုင်းမည်ဟု ဆိုသည်။

သန်းခေါင်ကျော်ချိန်နောက်ပိုင်းတွင် တိမ်ထူထပ်လာမည်ဖြစ်ပြီး အပူချိန်မှာ ၀ ဒီဂရီဆဲလ်စီးယပ်စ် (၃၂ ဒီဂရီဖာရင်ဟိုက်) အထိ ကျဆင်းပြီး နံနက်ပိုင်းတွင် နယူးယောက်မြို့၌ မိုးစတင်ရွာသွန်းနိုင်ပြီး နံနက် ၈ နာရီခန့်တွင် မိုးနှင့်နှင်းရောနှော၍ ကျဆင်းမည်ဖြစ်သည်။

မတ် ၂ ရက်နံနက်ပိုင်းတွင် ထရိုင်စတိတ်ဒေသရှိ ဒေသခံများအနေဖြင့် အမြင့်ဆုံးအပူချိန် ၀ ဒီဂရီဆဲလ်စီးယပ်စ် (၃၂ ဒီဂရီဖာရင်ဟိုက်) ခန့် ရှိမည်ဖြစ်ကာ လေအေးတိုက်ခတ်မှုကြောင့် ခံစားရသောအပူချိန်မှာ အနုတ် ၁၅ ဒီဂရီမှ အနုတ် ၉ ဒီဂရီဆဲလ်စီးယပ်စ် (၅ ဒီဂရီမှ ၁၅ ဒီဂရီဖာရင်ဟိုက်) အတွင်း ရှိနိုင်ကြောင်း သိရသည်။

Mon




## တရုတ်အခြေစိုက် လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်း ရှောင်မီ ယခင်လက မော်တော်ယာဉ်အစီးရေ ၂၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့

**ပေကျင်း မတ် ၁**

တရုတ်နိုင်ငံအခြေစိုက် လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီများသည် ပြည်တွင်း၊ ပြည်ပဈေးကွက်များအတွက် နောက်ဆုံးပေါ်လျှပ်စစ်ကားအမျိုးမျိုးကို အပြိုင်အဆိုင်ထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိရာ စမတ်ဖုန်းထုတ်လုပ်သော ရှောင်မီကုမ္ပဏီသည်လည်း အပါအဝင်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါတရုတ်လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်း ရှောင်မီသည် ဖေဖော်ဝါရီလအတွင်း မော်တော်ယာဉ်အစီးရေ ၂၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ဇန်နဝါရီလက တင်ပို့နိုင်ခဲ့သည့် အစီးရေ ၃၉၀၀၀ ကျော်နှင့်နှိုင်းယှဉ်ပါက ကျဆင်းသွားကြောင်း ယမန်နေ့က ၎င်း၏ တရားဝင် ဝေးဘိုလူမှုကွန်ရက်စာမျက်နှာတွင် အတည်ပြုကြေညာသည်။

၂၀၂၄ ခုနှစ်တွင် ၎င်းတို့၏ ပထမဆုံးလျှပ်စစ်ကားဖြစ်သော အက်စ်ယူ ၇ ဆီဒင်အမျိုးအစားကို စတင်မိတ်ဆက်ခဲ့သည့် စမတ်ဖုန်းနှင့် လူသုံးအီလက်ထရွန်းနစ်ပစ္စည်းထုတ်လုပ်ရေး ရှောင်မီလုပ်ငန်းစုကြီးအနေဖြင့် ယင်းမျိုးဆက်သစ် မော်တော်ယာဉ်များကို အမြောက်အမြား ထုတ်လုပ်နိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀-၀

## ပေဖော်ဝါရီလတွင် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်ကဏ္ဍ ကိုးလဆက်တိုက် တိုးတက်မှုနှုန်းကို ထိန်းထားနိုင်ခဲ့



**ဆိုးလ် မတ် ၁**

အမေရိကန်၏ အကောက်ခွန်ဆိုင်ရာ မရေရာမှုများက အလားအလာများကို ဖုံးလွှမ်းနေသော်လည်း ချစ်ပ်ပြားရောင်းအားကောင်းမွန်နေခြင်းကြောင့် ဖေဖော်ဝါရီလတွင် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်ကဏ္ဍသည် ကိုးလဆက်တိုက် တိုးတက်မှုနှုန်းကို ထိန်းထားနိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး၏ ရှေ့ဆောင်လမ်းပြဖြစ်သော အာရှ၏ စတုတ္ထအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် တောင်ကိုရီးယား၏ ဖေဖော်ဝါရီလ ပို့ကုန်တင်ပို့မှုသည် ယခင်နှစ်အလားတူကာလထက် ၂၉ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၄၅ ဘီလီယံအထိရှိခဲ့သည်ဟု ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များက ဖော်ပြသည်။

ယင်းပမာဏသည် ရိုက်တာသတင်းဌာန၏ စီးပွားရေးပညာရှင်များ ခန့်မှန်းထားသည့် ၂၄ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်မှုထက် ပိုမိုမြင့်မားခဲ့သည်။

သွင်းကုန်ကဏ္ဍတွင် ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ၎င်းမှာ စစ်တမ်းများက ခန့်မှန်းထားသည့် ၁၃ ဒသမ ၀ ရာခိုင်နှုန်းထက် လျော့နည်းခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ကနဦးကုန်သွယ်မှု ပိုလျှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၁ ဘီလီယံအထိ ရှိခဲ့ကြောင်း သိရသည်။

Mon

## တရုတ်နှင့် အိန္ဒိယမှ ဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်ရန် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှု တောင်အာဖရိက ပြင်ဆင်နေ

**ကိပ်တောင်း မတ် ၁**

တောင်အာဖရိကနိုင်ငံသည် ကမ္ဘာပေါ်တွင် ခရီးသွားလာမှုအများဆုံးနှင့် အလျင်အမြန်ဆုံးတိုးတက်နေသည့် တရုတ်နှင့် အိန္ဒိယကဲ့သို့သော အဓိကဈေးကွက်များမှ ဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ၎င်း၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုတစ်ရပ်ကို စတင်ရန် ပြင်ဆင်နေကြောင်း သိရသည်။



ဂျိုဟန်နက်စ်ဘတ်မြို့၌ ယမန်နေ့ကကျင်းပခဲ့သော အခမ်းအနားတွင် တောင်အာဖရိက ခရီးသွားလာရေးဝန်ကြီး ပက်ထရီရှာဒီလီက ပြောကြားရာ ယမန်နှစ် နိုဝင်ဘာလက ဂျိုဟန်နက်စ်ဘတ်မြို့တွင် ကျင်းပခဲ့သော ဂျီ ၂၀ ထိပ်သီးအစည်းအဝေး၌ ဒစ်ဂျစ်တယ်ဗီဇာစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ပြီးနောက် ယခုကဲ့သို့ မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ စမ်းသပ်မှုအတွင်း တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် မက္ကဆီကိုနိုင်ငံတို့မှ ခရီးသွားများကို စနစ်သစ်ဖြင့် လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါစမ်းသပ်မှုမှာ အဆင်ပြေချောမွေ့ခဲ့ပြီး တောင်အာဖရိက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် ကာလရှည်ကြာ ဗီဇာကြန့်ကြာမှု ပြဿနာများကို ဖြေရှင်းနိုင်မည့် အောင်မြင်မှုတစ်ခုဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

အထူးသဖြင့် အဓိကဈေးကွက်များဖြစ်သော အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ခရီးသွားများအနေဖြင့် ဒစ်ဂျစ်တယ်ဗီဇာစနစ် အကြောင်းကို သိရှိပြီးဖြစ်ကြောင်းနှင့် ထိုစနစ်ကို လူသိများလာစေရန် တောင်အာဖရိကနိုင်ငံအနေဖြင့် လှုပ်ရှားမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Mon

## Quick Win အစီအမံ (၅)ရပ်အား ယာဉ်မောင်းသူများသိရှိလိုက်နာရန် အသိပညာပေးဟောပြော

**ဂန့်ဂေါ မတ် ၁**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီမှ ထုတ်ပြန်ထားသည့် Quick Win အစီအမံ(၅)ရပ်အား ယာဉ်မောင်းသူများသိရှိလိုက်နာနိုင်ရန် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီက ကျောတိုက်ရပ်ကွက်ရှိ မြစ်သာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားရာတွင် မိမိတို့ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မကွေးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှထုတ်ပြန်ထားသည့် Quick Win အစီအမံ(၅)ရပ်ဖြစ်သည့် မော်တော်ဆိုင်ကယ်စီးသူများ အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုမှုမရှိပါက ပြစ်ဒဏ်အနေဖြင့် ဥပဒေပုဒ်မ ၈၇ အရ ဒဏ်ငွေကျပ် ၃၀၀၀၀၊ မော်တော်ယာဉ် မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးပြုပါက ဥပဒေပုဒ်မ ၈၆ အရ ဒဏ်ငွေကျပ် ၃၀၀၀၀၊ အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ပါက ဥပဒေပုဒ်မ ၉၁ အရ ဒဏ်ငွေကျပ် ၁၀၀၀၀၀၊မော်တော်ယာဉ် မောင်းနှင်လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မှုမရှိပါက ဥပဒေပုဒ်မ ၈၆ အရ ဒဏ်ငွေကျပ် ၃၀၀၀၀နှင့် မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ပါက ဥပဒေပုဒ်မ ၉၁ အရ ဒဏ်ငွေကျပ် ၁၀၀၀၀၀ တို့ကို ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာရုံးအသီးသီးတို့တွင်လည်း ဝန်ထမ်းများနှင့် အများပြည်သူများသိရှိနိုင်စေရန် Quick Win အစီအမံ(၅)ရပ်ပါရှိသည့် ဗီနိုင်းပိုစတာများ ချိတ်ဆွဲထားပြီးဖြစ်ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထုတ်ပြန်ထားသည့် ဥပဒေများကို တိကျစွာလိုက်နာဆောင်ရွက်သွားကြရန်နှင့် မြို့သန့်ရှင်းသာယာလှပရေး၊ မိမိတို့ ဌာနဆိုင်ရာရုံးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့အတွက် သန့်ရှင်းရေးလုပ်ငန်းများကို ဂရုတစိုက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်မျိုးမင်း**

*-*-*-*-*



## မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး၊ အသိပညာပေးဟောပြော

**ဆင်ပေါင်ဝဲ မတ် ၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ်၌ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးနိုင်စေရန် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉နာရီက ချောင်းကောက်ကျေးရွာရှိ တက္ကသိုလ်ဝင်စာဖြေဌာန အနီးပတ်ဝန်းကျင်နေအိမ်များသို့ သွားရောက်၍ စာမေးပွဲကာလအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်းကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၏ ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဦးသန့်စင်ဖြိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချောင်းကောက်ကျေးရွာ တက္ကသိုလ်ဝင်စာဖြေဌာန အနီးပတ်ဝန်းကျင်နေအိမ်များရှိ ပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မီးလောင်မှုမဖြစ်ပေါ်စေရေးတို့အတွက် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသော မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များဖြစ်သည့် မီးချိတ်၊ မီးကပ်၊သဲအိတ်နှင့် မီးသတ်ဆေးဘူး၊ မီးဘေးကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိရေး၊ လောင်စာဆီများ သိုလှောင်ခြင်းမပြုရန်၊ တပ်ဆင်ထားသော ဟောင်းနွမ်းလျှပ်စစ်ဝါယာကြိုးများနှင့် ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ အသုံးမပြုကြရန်၊ မီးသွေးမီးဖိုဖြင့် ထမင်း၊ ဟင်းချက်ပြုတ်ပြီးပါက မီးကြွင်းမီးကျန်များအား စနစ်တကျ မီးငြိမ်းသတ်ကြရန်စသည့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ရှောင်ရန်အချက်များကို ကွင်းဆင်းစစ်ဆေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား

**ပဲခူး မတ် ၁**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ဖေဖော်ဝါရီ ၂၅ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ရေတာရှည်မြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၇၈ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သာဂရအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရွှေတောင်မြို့နယ်၊ တွင်းမြဲ ကျေးရွာနေ ဦးလင်းလင်း(၃၂)နှစ် မောင်းနှင်လာသည့် HINO ခြောက်ဘီး ကုန်တင်မော်တော်ယာဉ်သည် ရန်ကုန်မှ နေပြည်တော်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအတွင်းရှိ စွယ်တော်ပင်နှင့် ထန်းပင်တို့အား ဝင်ရောက်တိုက်မိ တိမ်းမှောက်ခဲ့သဖြင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း မော်တော်ယာဉ်မှာ ထိခိုက်ပျက်စီးသွားခဲ့သောကြောင့် လင်းလင်းဆိုသူအား သာဂရအမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ပမ္မတီးရပ်ကွက်၌ နေအိမ်မီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား မတ် ၁**

ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့နယ်၊ပမ္မတီးရပ်ကွက်၌ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်ခန့်က ပိုင်ရှင် ဦးအောင်လင်း၏ နေအိမ်တွင် အိမ်ငှား ဦးဇော်မြင့်ဦး (၄၃)နှစ် နေထိုင်သော ပေ(၃၀×၂၀)၊ သွပ်မိုး၊ အုတ်ညှပ်၊ကွန်ကရစ်ခင်း တစ်ထပ်နေအိမ်တွင် အိပ်ခန်းအတွင်းရှိ မွေ့ယာခင်းပေါ်တွင် LED မီးသီးအားသွင်းထားရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကချင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၅၈မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ပေ(၃၀×၂၀)၊သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း တစ်ထပ် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် အိမ်ငှား ဦးဇော်မြင့်ဦးဆိုသူအား မြစ်ကြီးနားနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စက်သုံးဆီအရောင်းဆိုင်ရှင်များအား အသိပညာပေးခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်း သရုပ်ပြသ

**မြစ်သား မတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်ရှင်များအား မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း မီးလောင်မှု မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**



ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်က လောင်စာဆီဆိုင်များအနေဖြင့် မီးလောင်မှုဖြစ်ပွားနိုင်ခြေအများဆုံးဖြစ်နိုင်သည့် နေရာတစ်နေရာဖြစ်သောကြောင့် တာဝန်ရှိသူများအနေဖြင့် လောင်စာဆီများ သိုလှောင်ရာတွင်လည်းကောင်း၊ ပြန်လည်ဖြည့်တင်းရာတွင်လည်းကောင်း အစဉ်သတိပြုကြစေလိုကြောင်းနှင့် မီးလောင်မှုဖြစ်ပွားစေသော အခြေခံသဘောတရားများ၊ မီးလောင်မှုဖြစ်စဉ်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး သန္တေတပ်ဖွဲ့ဝင်များနှင့်အတူ မီးသတ်ဆေးဘူးအမျိုးမျိုးနှင့် မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် အောက်ဆီဂျင်ဖြတ်ပြီး မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# ကျွန်တော်နှင့် ကျောက်ဆည်ခရိုင် အပိုင်း(၂)

တောင်ဘက်အကျဆုံးမြစ်ကတော့ စမုံမြစ်ဖြစ်တယ်။ စမုံမြစ်စပြီးတော့ မြစ်ဖျားခံတာကတော့ ရမည်းသင်းတို့၊ ပျော်ဘွယ်တို့ရဲ့ အရှေ့ဘက်က စီးဆင်းလာတဲ့ရေတွေဟာ သာစည်ဘက်ကိုရောက်သွားတဲ့အချိန်မှာ သာစည်-သပြေဝလမ်းရဲ့အရှေ့ဘက် ကိုးမိုင်ခန့်အကွာ အခုခရိုင်ချင်းဆက် လမ်းအမှတ်(၁)ရဲ့ အနောက်ဘက်မှာ စမုံဆည်ဆိုတာရှိပါတယ်။ သာစည်မြို့ကနေပြီးတော့ MTKT လမ်းတိုင်း အရှေ့ကိုသွားလို့ရှိရင် ခွေးသေချောင်း၊ ရေနံ့သာချောင်း၊ တက်သော့ချောင်း၊ ပြည်ညောင်ချောင်းတို့ဟာ စမုံမြစ်ဖြစ်လာမယ့် မြစ်လက်တက်တွေဖြစ်တယ်။ အဲ့ဒီမှာ စမုံဆည်တည်ဆောက်တယ်။ အဲ့ဒီစမုံဆည်ကြီးဟာ ရန်ကုန်-တောင်ငူ-မန္တလေးလမ်းကို မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်နဲ့ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တို့ရဲ့အစပ်မှာ ကိုင်းတံတားအဖြစ်နဲ့ စမုံချောင်းကြီးဟာ ဖြတ်သွားတယ်။ စမုံချောင်းအောက်မှာ သစ်တက်ကုန်း ရေလွှဲဆည်တို့ ဘာတို့ရှိတယ်။ သူရဲ့အောက်ဘက်ကို ဆက်ဆင်းသွားတဲ့အချိန်မှာ ကိုရာဇာတို့ အမြန်လမ်းကြီးကို ဖြတ်သွားတဲ့ သင်ပုန်းချောင်း၊ ဇီးတောချောင်း၊ ထိပ်ဖလားချောင်း၊ သက်ပန်းချောင်းတို့ ဘာတို့ အဲ့ဒီချောင်းကြီးတွေနဲ့ ဆက်ပြီးတော့ ပေါင်းပြီးတော့ စမုံမြစ်က ပိုပြီးတော့ကြီးလာတယ်။ စမုံမြစ်နဲ့ပန်းလောင်မြစ်တို့ဟာဆိုလို့ရှိရင် အရှေ့တောင်ကနေပြီးတော့ အနောက်မြောက်ကို အပြိုင်နီးပါးစီးဆင်းလာခဲ့တယ်။ အပြိုင်နီးပါးစီးဆင်းလာပြီးတော့ အဲ့ဒီမြစ်နှစ်ခုက တံတားဦး ကျောက်ဆည်လမ်း ၇ မိုင် ၃ ဖာလုံနဲ့ ၄ ဖာလုံရှိတဲ့ ကျောက်ပန်းကုန်းတံတားရဲ့ အထက်နားလောက်မှာ သူတို့နှစ်ခုဟာ ပေါင်းဆုံသွားခဲ့ပြီးတော့ ဒုဋ္ဌဝတီမြစ်ထဲကို စီးဆင်းဖို့ ဆက်လက်ချီတက်သွားတယ်။ အဲ့ဒီနှစ်ခုပေါင်းဆုံလာတဲ့မြစ်ကို ပန်းလောင်မြစ်လို့ Google မှာတော့ခေါ်တယ်။ သူက တံတားဦး-ပလိပ်လမ်းကို ပန်းလောင်မြစ်ကဖြတ်သွားပြီးတော့ ဒုဋ္ဌဝတီမြစ်ထဲကို မဝင်ခင်မှာဘဲ ပန်းဆေးချောင်းဆိုပြီးတော့ ဘယ်ဘက်ကိုခွဲထွက်သွားတယ်။ ဒုဋ္ဌဝတီမြစ်ထဲကို ပန်းလောင်မြစ်မှ တစ်ခါဝင်သွားတယ်။ ခွဲထွက်သွားတဲ့ ချောင်းကမြစ်ခွဲအနေနဲ့ ပန်းဆေးချောင်းက ဆက်သွားတယ်။ ဒီပန်းဆေးချောင်းက ကိုရာဇာတို့ရဲ့အမြန်လမ်းကြီးမှာ BOC အဝိုင်းရဲ့မြောက်ဘက် ဒုဋ္ဌဝတီမြစ်ကူးတံတားရဲ့ တောင်ဘက်မှာ ဖြတ်သွားတယ်။ ဖြတ်သွားပြီးတော့ ဒီချောင်းဟာ ဆက်ပြီးသွားတဲ့အချိန်မှာ ရန်ကုန်-ပြည်-မန္တလေးလမ်းမကြီး တံတားဦးမြို့ကို ကျော်ပြီးတော့ တံတားဦးမြို့ကနေ အင်းဝမြို့ချီတက်သွားတဲ့အချိန်မှာ လမ်းခွဲကျော်ကျော်လေးမှာ ထပ်ပြီးတော့ဖြတ်သွားတယ်။ အခုပန်းဆေးချောင်းတံတားကိုတည်ဆောက်ပြီးစီး ပြီဖြစ်တဲ့အတွက်ကြောင့် (၇-၂-၂၀၂၂)ရက်နေ့မှာဆိုလို့ရှိရင် ပန်းဆေးချောင်းတံတားဖွင့်ပွဲကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းဖေတို့ ဖွင့်ပွဲဆောင်ရွက်လိုက်ပြီဖြစ်ပါတယ်။ ပန်းဆေးချောင်းကတော့ ဧရာဝတီမြစ်ထဲကို ဆက်လက်ပြီးတော့ စီးဆင်းသွားတာဖြစ်ပါတယ်။

**AD ကျော်ဇင်ထွေးရေ…**

မင်းတို့တာဝန်ယူတဲ့ ကျောက်ဆည်ခရိုင်ထဲမှာ ဒုဋ္ဌဝတီ၊ ဇော်ဂျီ၊ ပန်းလောင်၊ စမုံမြစ်တွေရဲ့အကြောင်းကို တင်ပြလိုက်ရပါတယ်။ ကိုယ်တို့တစ်တွေ ကိုင်တွယ်တဲ့ ဒေသထဲမှာရှိတဲ့ လမ်းတွေက ဒီလိုစိုက်ပျိုးမြေတွေဖြစ်တယ်။ IRRIGATED Area တွေကို ဖြတ်သန်းသွားရတယ်။ မူလမြစ်ဟောင်းတွေကို ဖြတ်သန်းသွားရတယ်။ ဒါကြောင့်မို့လို့ မိုင်တိုင်ဘယ်လောက်မှာ ဘာတံတားတွေရှိတယ်၊ မိုင်တိုင်ဘယ်လောက်တွေမှာ ဘယ်တူးမြောင်းတွေကို ဖြတ်သွားတယ်။ တူးမြောင်းတံတားတွေကို တည်ဆောက်တဲ့အချိန်မှာ တူးမြောင်းက ရေလာတဲ့အချိန်တွေမှာ သတိထားရတယ်။ မြစ်ဟောင်းတွေက မိုးရာသီရောက်လို့ရှိရင် ရေပိုလွှဲတွေက ရေတွေလာပြီးတော့ မြစ်ရေလျှံမှုတွေရှိတယ်။ ဒါကြောင့်မို့လို့ ကိုယ်တို့ရဲ့လမ်းတွေကို ရေမြုပ်တာရှိတယ်။ လမ်းမှာရှိတဲ့ တံတားတွေရေတိုက်စားခံရတာရှိတယ်။ ဒါတွေမဖြစ်ရအောင် ဘယ်လိုတွေကြိုတင်ဆောင်ရွက်ရမယ်။ Culvert တွေအတွက် ဘယ်လိုကြိုတင်ပြင်ဆင်သင့်တယ်။ နောက်တစ်ခါ လမ်းဘေးမှာ IRRIGATED အတွက် စိုက်ပျိုးရေးရေလွှတ်လိုက်လို့ရှိရင် လမ်းတာပေါင်အခြေကို ရေတွေလာထိပြီးတော့ လမ်းတာရိုးအားနည်းပြီးတော့ လမ်းပျက်တာတွေရှိတယ်။ ဒါကြောင့်မို့လို့ ဘယ်လိုလမ်းပိုင်းတွေမှာတာရိုးမြှင့်သင့်တယ်၊ ဘယ်လိုလမ်းပိုင်းတွေမှာ တာရိုးကိုတိုးချဲ့သင့်တယ်၊ ဘယ်လိုနေရာတွေမှာ ကွန်ကရစ်တွေ ခင်းသင့်တယ် စသည်ဖြင့်ကြိုတင်ပြီးတော့ Observation လုပ်ထားဖို့လည်းလိုပါတယ်။ ဒါကြောင့်မို့လို့ ကိုယ့်ခရိုင်ထဲမှာရှိတဲ့ ပကတိအနေအထားတွေကိုသိရှိပြီးတော့ ဒါတွေကို ကိုယ်ရဲ့ သတင်းအချက်အလက်တွေကို ကြိုတင်စုဆောင်းထားပြီးတော့ မိမိတို့လုပ်ငန်းခွင်တွေမှာ ပိုမိုအသုံးချဖို့အတွက် တင်ပြလိုက်ရပါတယ်။

**AD ကျော်ဇင်ထွေးရေ…**

စမုံမြစ်ဟာ ရန်ကုန်-တောင်ငူ-မန္တလေးလမ်းကို မိုင်တိုင်(၃၅၀၊ ၃-၃၅၀၊ ၄)ကိုင်းတံတားအောက်မှာ ဖြတ်ပါတယ်။ အဲ့ဒီ နောက်မှာတော့ စမုံမြစ်ဟာ မြင်းခြံ-မြစ်သား-ရေဝန်းလမ်းကို မိုင်တိုင်(၄၆၊ ၄-၄၆၊ ၅)မှာ ဖြတ်ပါတယ်။ အဲ့ဒီနောက်မှာတော့ စမုံမြစ်ဟာ ကျောက်ဆည်-တံတားဦးလမ်းမိုင်တိုင် (၇၊ ၃ နဲ့ ၇၊ ၄)ကြားရှိ ကြောင်ပန်းကုန်းတံတားရဲ့အထက်နားမှာ ပန်းလောင်မြစ်နှင့် ပေါင်းဆုံပါတယ်။ ပန်းလောင်မြစ်ကြီးဟာ ခရိုင်ချင်းဆက် လမ်းအမှတ်(၂) ရွာခိုင်ကြီးရွာအနီး မိုင်တိုင်(၅၃၊ ၇-၅၄၊ ၀)ရှိ တံတားကြီး ဖြတ်ပါတယ်။ပန်းလောင်မြစ်ဟာဆက်လက် ပြီးချီတက်ရာမှာ ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်တိုင်(၃၅၄၊ ၅-၃၅၄၊ ၆)ရှိ ယုဇနတံတားအောက်မှာဖြတ်ပါတယ်။ အဲ့ဒီကနေပြီးတော့ ပန်းလောင်မြစ်ဟာ မြစ်သား-ရွာသာ-သပြေတောင်း လမ်းမိုင်တိုင်(၁၊ ၄-၁၊ ၅)ရှိ တံတားကြီးမှာဖြတ်ပြန်တယ်။ ဆက်လက်ချီတက်ရာမှာ မြင်းခြံ-မြစ်သား-ရေဝန်းလမ်းမှာ မိုင်တိုင် (၄၉၊ ၂-၄၉၊ ၃)ရှိ တံတားကြီးအောက်ကနေဖြတ်ပါတယ်။ အဲ့ဒီနောက်မှာတော့ ပန်းလောင်မြစ်ဟာ ကျောက်ဆည်-တံတားဦးလမ်းမိုင်တိုင်(၇၊ ၃ နဲ့ ၇၊ ၄)ကြားမှာ စမုံမြစ်နဲ့ပေါင်းဆုံပြီးတော့ ဆက်လက်ချီတက်ရာ တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်၊ အထွက်လမ်း မိုင်တိုင်(၃၊ ၇-၄၊ ၀)ရှိ တံတားကြီးနှင့် ပလိပ်-တံတားဦးလမ်းမှာ မိုင်တိုင်(၄၊ ၅-၄၊ ၆)ရှိ တံတားကြီးကို ဖြတ်သန်းစီးဆင်း၍ ဒုဋ္ဌဝတီမြစ်ထဲကို စီးဝင်ပါတယ်။ အမြန်လမ်းမိုင်တိုင် (၃၅၈၊ ၁-၃၅၈၊ ၂)မှာရှိတဲ့ ဒုဋ္ဌဝတီမြစ်ကူးတံတားရဲ့အထက် (Up Stream)မှာ စီးဝင်ပါတယ်။

**AD ကျော်ဇင်ထွေးရေ…**

ဇော်ဂျီမြစ်ကြီးဟာ ရှမ်းကုန်းမြေမြင့်ကစီးဆင်းလာပြီး ရန်ကုန်-တောင်ငူ-မန္တလေးလမ်းကို ကျောက်ဆည်မြို့ထဲမှာ မိုင်တိုင်(၃၇၁၊ ၄-၃၇၁၊ ၅)မှာ ဇော်ဂျီမြစ်ကူးတံတားကြီးအောက်ကနေ အရှေ့မှ အနောက်သို့ စီးဆင်းပါတယ်။

အဲ့ဒီနောက်မှာတော့ ဇော်ဂျီမြစ်ကြီးဟာ စဥ့်ကိုင်မြို့နယ်ထဲမှာ ရန်ကုန်-တောင်ငူ-မန္တလေးလမ်းပိုင်း မိုင်တိုင်(၃၇၉၊ ၄-၃၇၉၊ ၅) SE(ငြိမ်း)ဦးခင်မောင်ရီတို့ တည်ဆောက်တဲ့ ပင်းချားတံတားကြီး အောက်မှ အနောက်မှအရှေ့သို့ စီးဆင်းပါတယ်။ အဲ့ဒီနောက်မှာတော့ ရန်ကုန်-တောင်ငူ-မန္တလေး လမ်းမိုင်တိုင်(၃၉၁၊ ၂-၃၉၁၊ ၃) မှာရှိတဲ့ DE ဦးစိုးမင်းတို့ တည်ဆောက်တဲ့ ဒုဋ္ဌဝတီမြစ်ကူးတံတားကြီးရဲ့ အထက်ဘက် (Up Stream)ဘက်မှာနေ၍ ဒုဋ္ဌဝတီမြစ်ထဲသို့ စီးဝင်ပါတယ်။

**AD ကျော်ဇင်ထွေးရေ…**

ကိုရာဇာတို့ရဲ့ ဇာတ်လိုက်ကျော်ကြီး အမြန်လမ်းမကြီးဟာ ဒီမြစ်ကြီးလေးသွယ်ကို ရှောင်တိမ်းရင်း အနောက်ဘက်ကို ယိမ်းခဲ့ရပါတယ်။ မလွှဲမရှောင်သာဘဲ ဒုဋ္ဌဝတီမြစ်ကြီးကိုတော့ တစ်ကြိမ်ဖြတ်သန်းခဲ့ရပါတယ်။

ကျောက်ဆည်မြို့ရှောင်လမ်းသည် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်တိုင်(၃၇၀၊ ၄) ပြည်ပန်းရွာကစပြီး ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်တိုင်(၃၇၄၊ ၂)တွင် အဆုံးသတ်ပြီး ၇ မိုင် ၆ ဖာလုံ ၃၇၀ ပေအရှည်ရှိပါသည်။ ၎င်းလမ်းတွင် ပြည်ပန်းရွာ၊ ပတ္တာရွာ၊ မြင်စိုင်းကွက်သစ်၊ ငှက်ကယ်တောင်ရွာ၊ တောင်နံ့သာရွာ၊ အင်တိုင်းရွာများတည်ရှိပါသည်။ ၎င်းလမ်းတွင် တံတားငယ် ၃၅ စင်းနှင့် မိုင်တိုင်(၀၊ ၄-၀၊ ၅)တွင် ဇော်ဂျီမြစ်ကူးတံတား ၂၂၀ ပေအရှည် တံတားတစ်စင်းကိုလည်း တည်ဆောက်ထားပါသည်။

**AD ကျော်ဇင်ထွေးရေ….**

ကျောက်ဆည်ခရိုင်ဟာ IRRIGATED ဧရိယာတွေပေါ်များတဲ့အတွက်ကြောင့် တစ်နှစ်ပတ်လုံး အမြဲတမ်း အေးချမ်းစိမ်းမြလျက်ရှိပါတယ်။ ဒီလိုပဲမြန်မာနိုင်ငံထဲမှာ ဆည်ရေသောက်ဧရိယာတွေဖြစ်တဲ့ မန္တလေးခရိုင်အတွင်းမှာ မတ္တရာ၊ ပုသိမ်ကြီး၊ ရွှေဘိုခရိုင်အတွင်းမှာ တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ မင်းဘူးခရိုင်အတွင်းမှာ ပွင့်ဖြူ၊ စလင်း၊ နေပြည်တော်ခရိုင်အတွင်းမှာ ပျဉ်းမနားစသည်ဖြင့် ဆည်ရေသောက်ဧရိယာတွေများမှာ တစ်နှစ်ပတ်လုံး စိမ်းလန်းအေးမြလျက်ရှိပါသည်။ သို့ပေမယ့် ဆည်ရေများကြောင့် ပျက်စီးတတ်သော လမ်းဦးစီးဌာနပိုင် အဆောက်အအုံများ (လမ်းတာရိုးများ၊ Pavement များ၊ Culvert များ၊ တံတားများ) ပျက်စီးမှုနည်းပါးစေရေးအတွက် ကြိုတင် Observation လုပ်ကြနိုင်စေရန်နှင့် သတင်းအချက်အလက်များ ကြိုတင် ရယူနိုင်ကြစေရန် တင်ပြအပ်ပါသည်။

ရွှေဇင်

## ဘိုးဘွားပူဇော်ပွဲ ကျင်းပ

**မန္တလေး မတ် ၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ နှင်းဆီလမ်း၊ ကံသာယာမြို့သစ်၊ ၅၇လမ်းနှင့် ၁၁၁လမ်းထောင့်နေ ခြသေ့်ဦး ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဥက္ကဋ္ဌ ဦးတိုးအောင်+ဒေါ်ကြည်ကြည်ဝင်းမိသားစုတို့၏ ဘိုးဘွားပူဇော်ပွဲကို ယမန်နေ့က အလှူရှင်၏ နေအိမ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မြို့ပြင်ကြီးကျောင်းတိုက် မဟာနာယက၊ ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တခေမိဿရနှင့် ပင့်သံဃာတော် ၁၅ ပါးကြွရောက်တော်မူကြပြီး နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းနှင့် အသင်းထောက်အဖွဲ့များ၊ အလှူရှင်မိသားစုများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အောက်ယာပုံ)**

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ကြပြီး ဥက္ကဋ္ဌ ဦးတိုးအောင်က ဘဝအဆက်ဆက်တော်စပ်ခဲ့ကြသော မိခင်၊ ဖခင်၊ သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာနှင့် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ခြင်းကုသိုလ်၊ မန္တလေးတိုင်းဒေသကြီးကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင်စိုက်ထူခြင်း၊ မောင်းတောမဟာကျန်ဘုရားနှင့် ကမ္ဘာ့အကောင်းဆုံးစာအုပ်လှူဒါန်းခြင်း၊ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ဟိတသုခဧရာဝတီမောင်မယ်များက ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး၌ (၈၁)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုသွေးလှူဒါန်းခြင်း စသည့်အကြောင်းများကို လျှောက်ထားပြီး ဆရာတော်ဘဒ္ဒန္တခေမိဿရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြပြီး ဧည့်ပရိသတ်များအား ထမင်းကျွေးမွေးခဲ့ကြောင်း သိရသည်။

(ဝ၄၃)

ဝ-ဝ-ဝ-ဝ-ဝ



# နိုင်ငံတကာ အားကစား သတင်းများ

## ဟာလန်း မန်စီးတီးအသင်းတွင် ဆက်ရှိသွားမည်ဟု ဂွါဒီယိုလာ အတည်ပြု



**လန်ဒန် မတ် ၁**

တိုက်စစ်မှူး ဟာလန်း အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင် သာ ဆက်ရှိသွားမည်ဟု မန်စီးတီး အသင်းနည်းပြ ဂွါဒီယိုလာက အတည်ပြု ပြောကြားခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။ (ဝဲပုံ)

တိုက်စစ်မှူးဟာလန်းသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ဘောလုံး ရာသီအထိ ပြိုင်ပွဲစုံ ၁၈၄ ပွဲကစားပြီး ၁၅၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

နည်းပြ ဂွါဒီယိုလာက "ဟာလန်းအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ သူဟာ အသင်းအတွက်အားထားရတဲ့ ကစားသမားတစ်ယောက်ပါ"ဟု ပြောသည်။ (NGB)

## 2026 ATX Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Ashlyn Krueger တက်ရောက်



**ဝါရှင်တန် မတ် ၁**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 ATX Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အိမ်ရှင်အမေရိကန် တင်းနစ်မယ် Ashlyn Krueger တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ အိမ်ရှင်အမေရိကန် တင်းနစ်မယ် Ashlyn Krueger သည် 2026 ATX Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် တရုတ်တင်းနစ်မယ် Yue Yuan အား ၇-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

2026 ATX Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင်အမေရိကန်တင်းနစ်မယ် Ashlyn Krueger နှင့် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Taylor Townsend တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(ယာပုံ)

(NGB)

## လူးကပ်စ်ပက်ဗ်ကွက် ခြေသလုံးဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**မြူးနစ် မတ် ၁**

လေဗာကူဆင်အသင်း နောက်ခံကစားသမား လူးကပ်စ်ဗက်ဇ်ကွက်သည် ခြေသလုံး ဒဏ်ရာကြောင့် ရက်သတ္တပတ် အနည်းငယ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လေဗာကူဆင်အသင်းနှင့် အိုလံပီယာကို့စ်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။


နောက်ခံကစားသမား လူးကပ်စ်ဗက်ဇ်ကွက် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လေဗာကူဆင်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ နောက်ခံကစားသမား လူးကပ်စ်ဗက်ဇ်ကွက်သည် လေဗာကူဆင်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၅ ပွဲကစားပြီး တစ်ဂိုး သွင်းယူထားသည်။

(အောက်ပုံ)(NGB)



## အန်တိုနီယိုအား အယ်လ်ဆိုင်လီယာအသင်း ခေါ်ယူ



**လန်ဒန် မတ် ၁**

ကာတာကလပ် အယ်လ်ဆိုင်လီယာအသင်းသည် ဝက်စ်ဟမ်း အသင်းတိုက်စစ်မှူးဟောင်း အန်တိုနီယိုအား ရာသီကုန်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် ဝက်စ်ဟမ်း၊ နော်တင်ဟမ်ဖောရက်စ်၊ ရီဒင်း၊ ဆောက်သမ်တန် စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အယ်လ်ဆိုင်လီယာ အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အယ်လ်ဆိုင်လီယာအသင်း၏ထုတ်ပြန်ချက်တွင် "အန်တိုနီယိုကို ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းပေါ်မှာ များစွာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့ နောက်ထပ် ကစားသမားတွေလည်း ထပ်မံခေါ်ယူအားဖြည့်သွားမှာပါ" ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ)(NGB)

## အာဆင်နယ်အသင်း ချန်ပီယံလိဂ် ချန်ပီယံဆုရယူနိုင်မည်ဟု စူပါကွန်ပျူတာ ခန့်မှန်း

**လန်ဒန် မတ် ၁**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ချန်ပီယံလိဂ် ချန်ပီယံဆုကို အာဆင်နယ်အသင်း ရယူဆွတ်ခူးနိုင်မည်ဟု Opta စူပါကွန်ပျူတာ က ခန့်မှန်းခဲ့သည်။

အာဆင်နယ်အသင်းသည် ဥရောပချန်ပီယံလိဂ် အုပ်စုအတွင်း တွင် ရှုံးပွဲမရှိဘဲ ၁၆သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းကြောင့် ယခုလို ချန်ပီယံလိဂ် ချန်ပီယံဆု ရရှိရန် ခန့်မှန်းခံခဲ့ရခြင်းဖြစ်သည်။

Opta စူပါကွန်ပျူတာ၏ ခန့်မှန်းချက်အရ အာဆင်နယ်အသင်းက ချန်ပီယံဖြစ်နိုင်ခြေ ၂၇ ဒသမ ၄၀ ရာခိုင်နှုန်းထိရှိပြီး ၎င်းနောက်တွင် ဘိုင်ယန်မြူးနစ်က ၁၄ ဒသမ ၂၈ ရာခိုင်နှုန်း၊ လီဗာပူးက ၁၂ ဒသမ ၈၃ ရာခိုင်နှုန်း၊ မန်စီးတီးက ၁၀ ဒသမ ၇၉ ရာခိုင်နှုန်း၊ ဘာစီလိုနာက ၇ ဒသမ ၇၂ ရာခိုင်နှုန်းဖြင့် အသီးသီး သတ်မှတ်ခဲ့သည်။ (ဝဲပုံ)



အာဆင်နယ်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ် ပထမအကျော့အဖြစ် လာမည့် မတ် ၁၂ရက်တွင် လေဗာကူဆင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (NGB)



## အာနန်ဒါလိုင်လီအား ခေါ်ယူရန် နယူးကာဆယ်အသင်းစီစဉ်

**လန်ဒန် မတ် ၁**

နယူးကာဆယ်အသင်းသည် ယူနီယံစိန့်ဂျီလွိုက်စ်အသင်း၏ တောင်ပံကစားသမား အာနန်ဒါလိုင်လီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ယူနီယံစိန့်ဂျီလွိုက်စ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၄ပွဲကစားပြီး ၇ ဂိုးအထိ သွင်းယူထားသလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ယူနီယံစိန့်ဂျီလွိုက်စ်အသင်းကလည်း အာနန်ဒါလိုင်လီအတွက် မြင့်မားသည့် ပြောင်းရွှေ့ဈေး တစ်ရပ်ပေးချေမည့် မည်သည့် အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် လာမည့်နွေရာသီ ဈေးကွက်အတွင်းတွင် ယူနီယံစိန့်ဂျီလွိုက်စ်အသင်းထံမှ အာနန်ဒါလိုင်လီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ဘူလာတိုဗစ် လန်းစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ပါရီ မတ် ၁**




လန်းစ်အသင်းသည် အသင်း ကွင်းလယ်ကစားသမား ဘူလာတိုဗစ်အား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ (ယာပုံ)

အဆိုပါ ကွင်းလယ်ကစားသမားသည် လန်းစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၃ ပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ဘူလာတိုဗစ်က "ကျွန်တော် လန်းစ်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်တွေ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ။ ပြီးတော့ ဒီအသင်းနဲ့အတူ အနာဂတ်မှာ အောင်မြင်မှုများစွာကိုလည်း ရယူသွားမှာပါ"ဟု ပြောသည်။ (NGB)

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅)ပွဲကျန် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂-၃-၂၀၂၆ တနင်္လာနေ့ | ညနေ ၄:၀၀ နာရီ | (၉)ရခိုင် - ရှမ်း(၂) (D,W,D,L,L) (L,W,W,D,W) | ရခိုင် ၁-၄ ရှမ်း<br>ရှမ်း ၃-၀ ရခိုင် |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၃-၃-၂၀၂၆ နံနက် ၀၂:၃၀ နာရီ | (၁၁)ဘာမင်ဂမ် - မစ်ဒယ်ဘာရော့(၂) (W,D,L,W,L) (W,W,L,D,D) | ဘာမင်ဂမ် ၀-၁ မစ်ဒယ်ဘာရော့<br>မစ်ဒယ်ဘာရော့ ၁-၀ ဘာမင်ဂမ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၆) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၃-၃-၂၀၂၆ နံနက် ၀၂:၃၀ နာရီ | (၂)ရီးရဲလ်မက်ဒရစ် - ဂီတာဖေး(၁၃) (W,W,W,L,W) (D,D,W,W,L) | ရီးရဲလ်မက်ဒရစ် ၂-၀ ဂီတာဖေး<br>ဂီတာဖေး ၀-၁ ရီးရဲလ်မက်ဒရစ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၇) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၃-၃-၂၀၂၆ နံနက် ၀၀:၀၀ နာရီ | (၁၉)ပီဇာ - ဘိုလော့ဂ်နာ(၈) (L,L,D,L,L) (L,W,W,W,W) | — |
| ၃-၃-၂၀၂၆ နံနက် ၀၂:၁၅ နာရီ | (၁၂)အူဒီးနီစ် - ဖီအိုရင်တီးနား(၁၆) (W,W,L,L,L) (D,W,W,W,L) | အူဒီးနီစ် ၂-၃ ဖီအိုရင်တီးနား<br>ဖီအိုရင်တီးနား ၁-၂ အူဒီးနီစ် |




# မျိုးစေ့ပြပွဲ ၂၀၂၆ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁

Seed Fair 2026 (မျိုးစေ့ပြပွဲ-၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ကျင်းပရာ ရင်နှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မျိုးစေ့ကုမ္ပဏီများနှင့် မျိုးစေ့ထုတ် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံ (ပျဉ်းမနား) မှ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့က Seed Fair 2026 (မျိုးစေ့ပြပွဲ-၂၀၂၆) ကို ဖဲကြိုးဖြတ်ပြီး မျိုးစေ့အမျိုးပေါင်း ၂၀၊ မျိုးစေ့ပေါင်း ၅၀၀၀၀ ပူးတွဲချည်နှောင်ထားသည့် မိုးပျံပူပေါင်းများကို လွှတ်တင်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၁၈၆၅၁ သင်းကိုဖွဲ့စည်းထားရှိပြီး၉၃၂၇၉၈ဦးအတွက် နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေ အပါအဝင် သမဝါယမအသင်းပိုင်ငွေများဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ဝါနှင့် ဟင်းသီးဟင်းရွက်စိုက်ကေပေါင်း ၁၆၀၅၈၁၂ ဧကကို စိုက်ပျိုးထုတ်လုပ်နိုင်အောင် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ နေပြည်တော်၊ ကချင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပြည်နယ် ၁၁ ခုမှ မြို့နယ် ၂၁ မြို့နယ်တွင် မျိုးစေ့ထုတ် သမဝါယမအသင်း ၃၁ သင်းကို ဖွဲ့စည်းထားပြီး မျိုးစေ့ထုတ်စိုက်ဧရိယာ ၁၈၃၅ ဧကတွင် သီးနှံမျိုးစေ့များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးစေ့ထုတ်သမဝါယမအသင်းများမှ အသင်းသား တောင်သူ ၁၅၄၉ ဦးကို မျိုးကောင်းမျိုးသန့်များနှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ (ပုလဲ၊ ကွန်ပေါင်း)၊ ပိုးသတ်ဆေးစသည့် စိုက်ပျိုးရေးသွင်းအားစုနှင့်ညီမျှသော ငွေများကို နိုင်ငံတော်က သီးနှံပေါ်ပေးစနစ်ဖြင့် ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် တောင်သူများ အရင်းအနှီးပိုမိုတောင့်တင်းလာစေရေးနှင့် ဈေးကွက်ခိုင်မာရေးအတွက် မျိုးစေ့ထုတ်သမဝါယမအသင်းများက ထွက်ရှိသော မျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများအား ရောင်းချပေးခြင်း၊ ထွက်ရှိလာသည့် သီးနှံများကို သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ဖြန့်ဖြူးရောင်းချပေးနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း၊ တောင်သူဦးကြီးများအနေဖြင့်လည်း မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲကြရန် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယခုကျင်းပသည့် မျိုးစေ့ပြပွဲ ၂၀၂၆ သည် မျိုးစေ့ထုတ်လုပ်သူများ၊ သုတေသနပညာရှင်များနှင့် လယ်သမားများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းကောင်းများကို အသုံးချပြီး စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန် စိုက်ပျိုးတောင်သူများအပြင် ပါဝင်ပတ်သက်သူအားလုံး အချင်းချင်းအတွေ့အကြုံဖလှယ်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ကွဲပြားခြားနားသော ရာသီဥတုရေမြေ အခြေအနေစုံလင်သည့် မိမိတို့မြန်မာနိုင်ငံတွင် ဒေသအလိုက် ကောင်းစွာဖြစ်ထွန်းပြီး အရည်အသွေးစံချိန်စံညွှန်းနှင့်ကိုက်ညီသော မျိုးစေ့များထုတ်လုပ်နိုင်ရေးသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မိမိတို့၏ မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားကြရန် ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက Seed Fair 2026 ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် Seed Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆)တွင် ခင်းကျင်းပြသထားသော ပြခန်းများနှင့် စိုက်ပျိုးပြသထားသော သီးနှံစိုက်ခင်းများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

တောင်သူလယ်သမားအခွင့်အရေး အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ "တောင်သူလယ်သမားများ သွင်းအားစု(မျိုးစေ့)များကို လွယ်ကူအဆင်ပြေစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီစီမံဆောင်ရွက်ရန်" ပြဋ္ဌာန်းချက်နှင့်အညီ မျိုးစေ့ပြပွဲများကို ၂၀၁၈ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ယနေ့ကျင်းပသည့် "မျိုးစေ့ပြပွဲ ၂၀၂၆"ကို အဋ္ဌမအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း၊ "မျိုးစေ့ပြပွဲ ၂၀၂၆" ကို အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ သုံးစွဲမှုမြင့်မားလာစေရေး၊ မျိုးစေ့သုံးစွဲသူများနှင့် မျိုးစေ့ထုတ်လုပ်သူများအကြား ဆက်နွယ်မှုကွန်ရက်ပိုမိုကောင်းမွန်စေရေးနှင့် မျိုးစေ့ကဏ္ဍတွင် Public-Private Partnership (PPP) ပိုမိုကောင်းမွန်လာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပလျက်ရှိကြောင်း၊ မြေဧရိယာ ၂၈ ဧကပေါ်၌ လယ်ယာသီးနှံ ၁၀ မျိုး၏ မျိုးပြား ၉၁ မျိုး၊ ဟင်းသီးဟင်းရွက်သီးနှံ ၂၄ မျိုး၏ မျိုးပြား ၅၃ မျိုးတို့အပြင် ပြခန်းများအနေဖြင့် ဌာနနှစ်ခုနှင့် ကုမ္ပဏီ ၃၄ ခုတို့ ခင်းကျင်းပြသမည်ဖြစ်၍ တောင်သူများနှင့် စိုက်ပျိုးထုတ်လုပ်သူများအားလုံး အားပါးတရလေ့လာနိုင်မည်ဖြစ်ပြီး သိရှိလိုသည်များကို စိုက်ကွင်းအလိုက် ပညာရှင်ဝန်ထမ်းများက ဖြေကြားပေးမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံအတွင်း အသင်းစုပိုင်မြေပေါ်တွင် ရုရှားနေကြာမျိုးများဖြစ်သည့် MAKHAON KLP (မက်ဟွန်)မျိုး၊ VULKAN( ဗော့ကန်)မျိုး၊ IPPOLIT (အိုင်ပေါ်လစ်) မျိုး သုံးမျိုးကို တစ်မျိုးလျှင် ငါးဧကနှုန်းဖြင့် စုစုပေါင်း ၁၅ ဧက စိုက်ပျိုးထားရှိမှု၊ အသားတိုးကြက်အကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်



# နွေရာသီဘောလုံးသင်တန်းဖွင့်မည်

မန္တလေး မတ် ၁

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၏လမ်းညွှန်မှုဖြင့် မန္တလေးဘောလုံးသမားဟောင်းများအသင်းမှ ဦးဆောင်၍ အသက်(၁၅)နှစ်အောက် ကလေးများအတွက် နွေရာသီဘောလုံးပညာအခြေခံသင်တန်းကို မတ် ၃ရက်မှ ဧပြီ ၃ရက် အထိ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသော အသက်(၁၅)နှစ်အောက် လူငယ်အမျိုးသား၊ အမျိုးသမီးများသည် ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ ဗထူးအားကစားကွင်းရှိ မန္တလေးတိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနရုံးတွင် သင်တန်းပုံစံများ အခမဲ့ရယူပြီး မတ် ၃ရက်မှ၆ရက်အထိ ဗထူးအားကစားကွင်း၊ အောင်မြေမင်္ဂလာအားကစားကွင်း၊ ရွှေမန်းတောင်အားကစားကွင်းတို့တွင် သင်တန်းကြေး အခမဲ့ဖြင့် လာရောက်အပ်နှံနိုင်သည်။

မန္တလေးတိုင်းဒေသကြီး ဘောလုံးသမားဟောင်းများမှ အသက်(၁၅)နှစ်အောက် လူငယ်များအား နွေရာသီကျောင်းပိတ်ရက်တွင် အခြေခံဘောလုံးပညာများအား သင်ကြားပေးမည်ဖြစ်၍ လာရောက်တက်ရောက်နိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၄၅)**

# ဖောင်းပြင်မြို့နယ်၌ ဆောင်းသီးနှံ ပဲမျိုးစုံ သီးနှံများပေါ်

**ဖောင်းပြင် မတ် ၁**

ပဲဈေးများကောင်းနေချိန် စစ်ကိုင်းတိုင်းဒေသကြီး၊ဖောင်းပြင်မြို့နယ်တွင် ယခုနှစ်ပဲအထွက်နှုန်း ကျဆင်းခဲ့သည်။

ဖောင်းပြင်မြို့နယ်၊ ပိုးစာကုန်းကျေးရွာမှ တောင်သူများအနေဖြင့် ဆောင်းသီးနှံ မြေပဲ၊ မြေထောက်ပဲနီ၊ မြေထောက်ပဲဖြူ၊ ပဲစာဥ၊ ပုဂံပဲ၊ ပဲယင်း၊ ပဲနီလုံး၊ ပဲနက်နှင့် စားတော်ပဲစသည့် ပဲမျိုးစုံကို အဓိကအားထားစိုက်ပျိုးခဲ့ကြရာ သီးနှံများပေါ်နေပြီဖြစ်သည်။

"ပဲဈေးကောင်းမရခဲ့တာ သုံးနှစ်ရှိပါပြီ။ ဒီနှစ်မှာ ဈေးကောင်းတယ်။ ဒါပေမဲ့ ပဲအထွက်နည်းတယ်။ ပဲပွဲစားတွေက ဈေးနှုန်းမြင့်ပြီး ပေးဝယ်နေကြတော့ ငွေလိုနေတဲ့ တောင်သူတွေက ပြန်စိုက်ဖို့ မျိုးမချန်တော့ဘဲ ရောင်းချကြတယ်လို့ ကြားနေရတယ်"ဟု ပိုးစာကုန်းကျေးရွာမှ ပဲစိုက်တောင်သူ တစ်ဦးက ပြောသည်။

တောင်သူများအနေဖြင့် စိုက်ပျိုးရေးသုံးပစ္စည်းများဖြစ်သည့် စက်သုံးဆီ ဒီဇယ်နှင့် အပင်အားဆေး၊ ပေါင်းသတ်ဆေးများ ဈေးနှုန်းမြင့်မားခဲ့မှုနှင့် ပြတ်လပ်မှုတို့ကြောင့် လိုအပ်သလို ဝယ်ယူအသုံးမပြုနိုင်သည့်အတွက် ပဲအထွက်နှုန်းကျဆင်းရခြင်းဖြစ်သည်။

လက်ရှိတွင် မြေထောက်ပဲနီ တစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀၊ မြေထောက်ဖြူ တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀၊ ပဲစာဥ တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀၊ ပုဂံပဲ တစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀၊ ပဲနီလုံး တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀၊ ပဲနက် တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀နှင့် ပဲယင်း တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ အသီးသီးပေါက်ဈေးရှိပြီး ယခင်နှစ်ကထက် ယခုနှစ်ပဲဈေးကောင်းလာခဲ့သည်။

ပဲအထွက်နှုန်းကောင်းခဲ့စဉ်က နှစ်စဉ် ပဲအိတ်အလုံးရေ ၂၀၀၀၀ ကျော်ခန့်ကို ပွဲရုံများသို့ တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃ခုနှစ်မှစ၍ ပဲအထွက်နှုန်း ကျဆင်းခဲ့သဖြင့် ပဲတင်ပို့မှု လျော့နည်းခဲ့သည်။

ယခုနှစ်တွင် မုံရွာ၊ မန္တလေးမြို့တို့ရှိ ပွဲရုံများသို့ ပဲအိတ်အလုံးရေ ၃၀၀ ခန့်သာ တင်ပို့ထားနိုင်ကြောင်း တင်ပို့ရောင်းချနေသည့် ပဲပွဲစားတစ်ဦးထံမှ သိရသည်။

**(အောက်ပုံ)**

**(၃၉၄)**

၀-၀-၀-၀-၀



# မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၁၅၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး မတ် ၁**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ မိသားစုများ၏ (၁၅၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၅ နာရီခွဲက ၃၆လမ်းနှင့်၆၉လမ်း ထောင့်တွင် ကျင်းပကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့်ဆွမ်းဆန်စိမ်းအလှူရှင် နန်းဦးတိုက်၊ ဝါဆိုကျောင်း ဆရာတော်ဘဒ္ဒန္တ ကုသုမ၊ ကြက်ဥအလှူရှင် ကိုရွှေမန်း(အချောလေး)မိသားစုနှင့် ဝန်ထမ်းမိသားစုများက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော သံဃာတော်အပါး ၂၀၀ ကျော်အား ဆွမ်း၊ ကြက်ဥချက်၊ ဗိုလ်ကိတ်ပဲနပ်နှင့် ကော်ဖီမစ်ထုပ်တို့ကို လောင်းလှူကြသည်။

ဝန်ထမ်းမိသားစုများမှ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆက်လက် လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)




# ရာသက်ပန်ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး မတ် ၁**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။ (အပေါ်ပုံ)

ရှေးဦးစွာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကေသဝ(ဓမ္မာစရိယ၊ B.A)က ပရိသတ်အပေါင်းအား ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးနေဝင်းတို့အား ရည်စူး၍ မန္တလေးမြို့နေ အလှူရှင် ဒေါ်မာလာရီ(ဝင်းဝင်းစက်ပစ္စည်း ရောင်းဝယ်ရေး)မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ အဆိုပါအလှူရှင်မိသားစုတို့က ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိက ဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

PNT

# ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း (၂၁၁)ကြိမ်မြောက် ဆွမ်းလောင်းလှူ



**မန္တလေး မတ် ၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက် အကွက်(၈၀၆)၊ လမ်း၆၀နှင့် ၂၈(ဘီ)လမ်းထောင့်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့်ဆွမ်းလောင်း အသင်း၏ (၂၁၁)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ၅ နာရီခွဲက အဆိုပါ အသင်းရုံးရှေ့တွင် ကျင်းပရာ လေးပြင်လေးရပ်မှ ဆွမ်းခံကြွ ရောက်တော်မူကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင် လှုငယ်မောင်မယ်များက အရဏ်ဆွမ်းကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် အသီးသီးဆက်ကပ်လောင်းလှူခဲ့ကြသည်။

(၂၁၁)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော ဖခင်ကြီး ဦးကိုးအောင်+မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့် သားတပည့်များ မိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင်) မိသားစု၊ ဒေါ်မမအား ရည်စူး၍ (ပတ္တမြားသုခ) မိသားစု၊ အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း) မိသားစု၊ ရှမ်းဌာနေ (စားသောက်ဆိုင်) မိသားစု၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်ကဖေး)မိသားစု၊ ကိုခင်မောင်ရီနှင့် ဇနီး မိသားစု၊ ကိုသက်မြတ်သူ+မမျိုးမျိုးအေး (မန်းစည်ပင်)မိသားစု၊ Ko Sai (ရွှေပန်းထိမ်၊ ၂၃လမ်း)မိသားစု၊ လယ်ကိုင်းတိုက်အရှေ့ကျောင်း ဆရာတော်ဘဒ္ဒန္တဆေန္ဒာဒရတို့က မ,တည်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအသင်းကြီးသို့ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၇၆၅၁၈၄၇၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)

# နေ့စဉ်ဝင်ငွေရမည့် ဟင်းသီးဟင်းရွက်များ တစ်နိုင်တစ်ပိုင် ပိုမိုစိုက်ပျိုးလာ

**ကျောက်ဆည် မတ်၁**

ကျောက်ဆည်မြို့နယ်တွင် နေ့စဉ်ဝင်ငွေရသည့် ကာလတိုသီးနှံများဖြစ်သော ကန်စွန်း၊ ဆလတ်၊ ဆူးပန်း၊ နံနံ၊ မုန်ညင်း၊ ခရမ်း၊ ရုံးပတီစသည့် ဟင်းသီး၊ ဟင်းရွက်များ တစ်နိုင်တစ်ပိုင် ပိုမိုစိုက်ပျိုးလာကြသည်။

ကာလရှည်သီးနှံများဖြစ်သည့် စပါး၊ ကြက်သွန်၊ ငရုတ် စသည့် သီးနှံများ စိုက်ပျိုးရာတွင် လုပ်သားရှားပါးမှု အခက်အခဲနှင့် သွင်းအားစုများ ပိုမိုသုံးစွဲရပြီး စိုက်ပျိုးရိတ်သိမ်းသည့်အခါ ဈေးကောင်းမရခဲ့ပါက တောင်သူများ အနေဖြင့် များစွာ ဆုံးရှုံးမှုရှိကြောင်း၊ ထို့ကြောင့် နေ့စဉ်ပုံမှန်ဝင်ငွေရသည့်ကာလတိုသီးနှံများ ပိုမိုစိုက်ပျိုးလာကြောင်းနှင့် ကန်စွန်းစိုက်ပျိုးမည်ဆိုပါက မြေဆီကောင်းမွန်စေရန်အတွက် ဦးစွာ မြေပြုပြင်ပေးရပြီး သဘာဝမြေသြဇာဖြစ်သည့် နွားချေး၊ ဆိတ်ချေး၊ ကြက်ချေးများအား သီးနှံမစိုက်ပျိုးခင် ဦးစွာ ထည့်ထားပေးရကြောင်း၊ စိုက်ပျိုးရာတွင် ရေသွင်း၊ရေထုတ် ကောင်းမွန်စေရန်အတွက် မြေအမျိုးအစားအလိုက် မြေပေါင်အကြီး၊ အသေးများပြုလုပ်ပြီး လေဝင်၊ လေထွက်ကောင်းမွန်စေရန်အတွက် အပင်များအား သင့်တော်သည့် အကွာအဝေးအနေဖြင့် တစ်ထွာ၊ တစ်မိုက်ခြားပြီး စိုက်ပျိုးရသည်။

ကန်စွန်းရွက်သည် တစ်ခါစိုက်ထားပါက တစ်နှစ်ပတ်လုံး ရိတ်သိမ်းရောင်းချရကြောင်း၊ စိုက်ပျိုးပြီး ၄၅ ရက်တွင် ကန်စွန်းရွက်များကို စတင်ရိတ်သိမ်းရပြီး မိုးရာသီအခါ၌ ၁၀ ရက်ခြားတစ်ကြိမ်၊ နွေရာသီနှင့်ဆောင်းရာသီ အချိန်များတွင် ၁၅ ရက်ခြား တစ်ကြိမ် ရိတ်သိမ်းရောင်းချနိုင်ပြီး လိုအပ်သည့်အချိန်များတွင် လိုအပ်သလို ရိတ်သိမ်းရောင်းချခြင်းများလည်း ပြုလုပ်နိုင်ကြောင်း၊ ကန်စွန်းတစ်ဧက စိုက်ပျိုးမည်ဆိုပါက မျှားနီတံဆိပ်မျိုး အထုပ် ၆၀ သုံးစွဲရပြီး မျိုးတစ်ထုပ်လျှင် ငွေကျပ် ၇၈၀၀ ပေးရကြောင်း၊ မိသားစုတစ်နိုင်တစ်ပိုင် လုပ်ကိုင်နိုင်သဖြင့် ကုန်ကျငွေကျပ် ၇၃၀၀၀၀ ခန့်ရှိကြောင်းနှင့် အကျိုးအမြတ်အနေဖြင့် မြေဆီလွှာကောင်းမွန်မှုနှင့် အပင်ပြုစုမှုအပေါ်မူတည်၍ ငွေကျပ် သိန်း ၂၀ မှ သိန်း ၅၀ ကျော်အထိ ရရှိကြောင်း ကန်စွန်းစိုက်ပျိုးရောင်းချလျက်ရှိသည့် တောင်သူ ဦးလှငွေးက ပြောသည်။



(ဝဲပုံ)

(၄၈၅)

**မြို့တော်တစ်ခွင်၊ သာစေလို၊ ရေကိုမဖြုန်းနှင့်။**



# သောက်ရေအိုးစင်ယဉ်ကျေးမှု တစ်ခေတ်ဆန်းစေရန် ရေသန့်အလှူတော်ဖွင့်ပွဲကျင်းပ

**မန္တလေး မတ် ၁**

မန္တလေးမြို့၏ ရိုးရာယဉ်ကျေးမှုဖြစ်သော သောက်ရေအိုးစင်ယဉ်ကျေးမှု တစ်ခေတ်ဆန်းစေရန် ဟေမမာလာတောင်ရပ်ကွက်သူ၊ ရပ်ကွက်သားများ၏ ရေသန့်အလှူတော် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ဟေမမာလာတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ မဟာအောင်မြေမြို့နယ် (၁၈)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့ပြီး မန္တလေးမြို့၏ ရိုးရာယဉ်ကျေးမှုဖြစ်သော သောက်ရေအိုးစင်ယဉ်ကျေးမှု တစ်ခေတ်ဆန်းစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ထားရှိကာ မည်သူမဆို (အခမဲ့)လာရောက်သယ်ယူသောက်သုံးနိုင်ကြောင်း သိရပြီး နေ့စဉ် လီတာ ၂၀ ပါ ရေသန့်ဘူးကြီး ၁၄၀ ခန့် ထုတ်ယူသုံးစွဲနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၆)

ဝတ္ထုတိုကဏ္ဍ

# ကံ, ကံငယ်ခေလွန်းသူမို့

မန္တလေး ပိုက်ကျိုးတစ်ခွင်လုံး 'ကိုကိုကျော်'ဆိုရင် မသိသူ မရှိချေ။ စာပေဝါသနာပါလို့လည်း အခမ်းအနားမှန်သမျှ သူ့ကို တွေ့ရတတ်ပြန်သည်။ ဒါပေမဲ့ မိတ်ဆွေအပေါင်းအသင်းမှန်သမျှ ကတော့ သူနဲ့တွေ့ရင် သတိထားဆက်ဆံနေကြရသည်။ သူက ကဗျာတွေ ရေးရေးပြီး လက်ဖက်ရည်ဖိုးအကုန်အကျခံကာ တွေ့တဲ့ သူတိုင်းကို ကဗျာတွေဖတ်ဖတ်ပြရတာအမော။ တစ်ဖက်လူ အားမှန်း မအားမှန်း မတွက်ချေ။ စာကြောင်းပေကြောင်းတွေ တမေ့တမြော ပြောလားပြောရဲ့၊ တစ်ခါတရံ ဂေါ်မစွံ လူပျိုကြီးဖြစ်ရတဲ့ အကြောင်းတွေ ပြောလားပြောရဲ့။

ကြည့်ဦး။ အရပ်ကမနိမ့်မမြင့်၊ အသားလတ်လတ်၊ ကတုံးဆံထောက်၊ မျက်လုံးပြူး နှာတံပေါ်ပေါ်နဲ့ သွားကအနည်းငယ်ခေါသည်။ အသက်သုံးဆယ်ကျော် လေးဆယ်နီးပါးရှိပြီး တစ်ကိုယ်တည်းလူပျိုကြီးဘဝက မကျွတ်သေး။ သူကတော့ ပျော်ပျော်ပါပဲ။ ဘဝကို အလိုက်သင့်စီးမျောတဲ့ တူတွေ၊ တူမတွေနဲ့ ဆော့ကစားတုန်း။ ဘယ်သူတွေမေးငေါ့ငေါ့ သူကတော့ ဂရုမစိုက်ဘဲ ကလေးတွေနဲ့ တရုန်းရုန်း။ ဖန်ခုန်၊ ကြိုးခုန်၊ ထုပ်ဆီးတိုးမပျက်ပေ။ တစ်ခါတလေ အရပ်ထဲက ကလေးတွေနဲ့လည်း ဂေါ်လီလိုမ့်၊ သားရေကွင်းပစ်တမ်း ကစားနေတတ်ပြန်သည်။

ငယ်ငယ်တုန်းကတော့ ကိုကိုကျော် သူနေတဲ့ဒေသကောလိပ်က ကောင်မလေးတစ်ယောက်နဲ့ ရည်းစားဖြစ်လိုက်သေးသည်။ ဒါကလည်း သူငယ်ချင်းတွေ ညှပ်ပြီးလှော်တာကြောင့် ကိုကိုကျော်နဲ့ ကောင်မလေးတို့ ဖြစ်သွား ချစ်သွားကြရတာလေ။ အဲ့ဒီကောင်မလေးက လှတပတလေး၊ ဖြူဖြူနွဲ့နွဲ့လေး။ ရယ်လိုက်ရင် ပါးချိုင့်လေးနဲ့ အင်မတန်ဖော်ရွေသူလေးပင် ဖြစ်သည်။ သူ့အဖေက ကုန်သွယ်ရေးကဆိုလား အရာရှိကြီးပေါ့၊ ဦးမြင့်အောင်တဲ့။ အမေက မော်လမြိုင်သူ နာမည်က ဒေါ်ကျံမြ။ သားသမီးသုံးယောက်ထဲမှာ အဲ့ဒီကောင်မလေးက အကြီးဆုံး၊ သူ့အောက်မှာ ညီမလေးနဲ့ မောင်အငယ်ဆုံး။ ကျောင်းကို သူ့အဖေကိုယ်တိုင် မာဇဒါ B.600 စိမ်းလေးနဲ့ ပို့နေကျ။

အဲ့ဒီတုန်းက ဒေသကောလိပ်ဆိုတာ ('ဟိုတုန်းက ဖားသားလဖုန်းကျောင်း)၃၅လမ်းနဲ့ လမ်း၈၀ထောင့်မှာရှိတာကိုး။ နောက်ပြီး ၃၄လမ်း၊ လမ်း၈၀ထောင့် အနောက်ဘက်ကလည်း အဆောင်တစ်ဆောင်ရှိတယ်။ အခုတော့(လူသားအရင်းအမြစ်)အရှေ့ဘက် ၃၄လမ်းမြောက်ဘက်မှာ ရတနာဘုမ္မိဆိုတဲ့ အဆောင်ရှိသေးတယ်။ (အခုတော့ ရှေ့ဟောင်းမြန်မာစာဌာနပေါ့) ကိုကိုကျော်နဲ့ သူငယ်ချင်းတစ်သိုက်ကတော့ ပိုက်ကျိုးကနေ စက်ဘီးကိုယ်စီနဲ့ ကျောင်းကိုလာကြသည်။ အဲ···ပြောဖို့မေ့သွားတယ် သူ့ကောင်မလေး နာမည်က ဖြူဖြူသော်တဲ့။ သူမကို ပထမနှစ်ကတည်းက လိုက်နေတာ။ ဒုတိယနှစ်ဝက်ရောက်မှပဲ သူငယ်ချင်းတွေ ကောင်းမှုကြောင့် ချစ်သူဘဝရောက်ခဲ့ကြတာကလား။ ပထမနှစ်တုန်းက ကိုကိုကျော်လေ သူ့ကောင်မလေးကို စာပေးတာယူသွားပေးမယ့် သူပေးတဲ့ရည်းစားစာကို နို့တစ်ဘုတ်မှာ ကပ်ထားတာ တွေ့လို့ ကိုကိုကျော်သူငယ်ချင်းတွေ သွားဖတ်ကြည့်ကြသည်။

ကြည့်လေ ရည်းစားစာက ကိုယ့်ခံစားချက်နဲ့ ကိုယ်တိုင်ရေးတာမဟုတ်ဘဲ အဲ့ဒီတုန်းက မဂ္ဂဇင်းတွေမှာပါလေ့ရှိတဲ့ 'ချစ်ဦးသူသို့ပေးစာ'ကဏ္ဍထဲက စာသားတွေ ဟိုတစ်ပိုဒ် ဒီတစ်ပိုဒ်ကူးရေးပြီး ပေးတာကိုး။ အဲ့ဒီနို့တစ်ဘုတ်မှာ ကိုကိုကျော်ရဲ့ ရည်းစားစာမှာ မင်နီနဲ့ မှတ်ချက်တွေက ပါလိုက်သေးတယ်။ ဘာတဲ့ ဘယ်စာသားက မဂ္ဂဇင်းအမှတ် ချစ်ဦးသူသို့ ပေးစာကဏ္ဍက စာကြောင်းရေဘယ်လောက်မှာပါပြီးဆိုပြီး စာတစ်ပိုဒ် စာတစ်ကြောင်းချင်းစီကို မင်နီတားထားတာတွေ့ခဲ့ကြတဲ့ သူငယ်ချင်းတွေက ကိုကိုကျော်ကို ဝိုင်းဟားတွန်းထိုးလုပ်ကြသည်မို့ စာမပေးတော့ဘဲ လူကိုယ်တိုင် ရည်းစားစကားလိုက်ပြောပြန်သည်။ ပြောတော့လည်း ဘာတစ်လုံးမှ အဆီအငေါ်မတည့်ချေ။ တလွဲတွေချည်းမို့ လိုက်နှောင့်ယှက်တာ သက်သက်ကိုဖြစ်လို့မို့ ဖြူဖြူသော်ရဲ့ သူငယ်ချင်းမတွေနဲ့ ပြဿနာတက်ရပြန်သေးသည်။

ထားတော့ ဖြူဖြူသော်နဲ့ သမီးရည်းစားဖြစ်ကြလို့ ချစ်သူဘဝ ချိန်းတွေ့ကြတဲ့အခါမှာလည်း ကိုကိုကျော်မှာ အရာရာနဲ့ အကြောင်းကြောင်းပါပဲ။ ကြည့် မန်းသီတာဥယျာဉ်ထဲ သမီးရည်းစားချိန်းတွေ့ကြတာ ချစ်ခွန်းတုံ့တင် ကယုကယင် ပွေ့ဖက်ကျီစယ်ပြောမဝရှိနေကြရမယ့်အစား သူတို့နှစ်ယောက်ကဖြင့် ဟုတ်ပေါင်၊ မန်းသီတာဥယျာဉ်ဆိုတဲ့ နီယွန်ဆိုင်းဘုတ်အောက်တည့်တည့် ကျုံးနံဘေးခုံတန်းလျားရှည်ပေါ်မှာ ဟိုဘက်အစွန်း ဒီဘက်အစွန်း တစ်ယောက်တစ်နေရာစီထိုင်၊ အလယ်မှာ ကျောင်းလွယ်အိတ်တွေ ချလို့ပေါ့။ ကိုကိုကျော်က ခုံတန်းလျားကျောမှီပေါ် လက်မောင်းတင်၊ အဲ့ဒီလက်ပေါ် ခေါင်းလေးစောင်းတင်ပြီး ဖြူဖြူသော်ကို ပြုံးပြုံးကြည့်နေတာတဲ့။ အဲ့ဒီလိုပဲ ဖြူဖြူသော်ကလည်း လက်ထဲမှာ ကိုင်ထားတဲ့ ကမ္ဘာ့သမိုင်းပြဌာန်းစာအုပ်ကိုပဲ အိန္ဒိယရှေးဟောင်း ယဉ်ကျေးမှုသမိုင်းကို အသံတိုးတိုးတိုးလေးနဲ့ ကျက်မှတ်နေတာကိုး။ ချစ်တယ်ဆိုတဲ့အကြောင်း မြတ်နိုးတွယ်တာရပါတယ်ဆိုတဲ့အကြောင်း တစ်ခွန်းမျှမပြောကြဘဲ ဒီအတိုင်း ထိုင်နေကြတာတဲ့လေ။

တစ်နာရီလောက်ကြာတော့ ကိုကိုကျော်လေ ဘာစိတ်ကူးပေါက်တယ်မသိ ထိုင်နေရာကနေ ဖြုန်းဆိုထရပ်၊ အပေါ်အင်္ကျီကိုချွတ်ပြီး ခုံတန်းပေါ်တင်လိုက်တယ်။ ပြီးတော့မှ ကျုံးရေစပ်ကို ခပ်သွက်သွက်ဆင်းသွားတယ်။ အဲ့ဒီရေစပ်မှာ ခဏရပ်လို့ ကျုံးရဲ့တောင်ဘက်ကမ်းကိုလှမ်းကြည့်ပြီး ကျုံးထဲကိုဆင်းလျှောက်သွားပါတော့သည်။ တစ်လှမ်းနှစ်လှမ်း လျှောက်မိတယ်ဆိုရင်ပဲ ရေကခါးထိရောက်သွားပြီး နောက်ထပ်နှစ်လှမ်းသုံးလှမ်းလောက် ဆက်လျှောက်မိတော့ ရေက ရင်စို့ထိရောက်သွားသည်မို့ အရှေ့ကို အားပြုကာ တစ်ချက်နှစ်ချက်လောက် ကူးလိုက်ပါတော့သည်။ ဒါပေမဲ့ ကိုကိုကျော်က ပိုက်ကျိုးသားဖြစ်ပေမယ့် ရေမကူးတတ်ပါ။ ဝါးတစ်ရိုက်နှစ်ရိုက်လောက်မှာပဲ ကိုကိုကျော် ရေနစ်ပါတော့သည်။

'ကယ်··ကယ်ကြပါဦးဗျို့ ဝူး ဖလူး အား'လို့ဆိုတဲ့ အသံကြားမှ ဖြူဖြူသော် ခေါင်းထောင်ကြည့်လိုက်တော့ ကိုကိုကျော် ရေနစ်နေတာကို မြင်လိုက်ရသည်နှင့် 'လုပ်ကြပါဦး···ဟို···ဟို···မှာ ရေနစ်နေပြီ'လို့ အော်လိုက်မိသည်။ ကံကောင်းချင်တော့ ရေမှော်ဆယ်တဲ့ အလုပ်သမားတစ်စု ဖြတ်အသွားနဲ့ဆုံလို့ ရေစပ်ကိုပြေးဆင်းသွားကြပြီး လက်ထဲမှာကိုင်လာတဲ့ ရေမှော်ဆယ်ရာမှာအသုံးပြုတဲ့ ချိတ်ပါကြိုးတစ်ချောင်း ပစ်ပေးလိုက်ကြလို့ ကိုကိုကျော်လည်း ယက်ကန်ယက်ကန်ဖြစ်နေဆဲ။ ဆိုက်ဆိုက်မြိုက်မြိုက် သူ့လက်ထဲကို ကြိုးစရောက်လာတာနဲ့ အမိအရဖမ်းဆွဲထားလိုက်သည်။ ကမ်းစပ်ကလူတွေ ကြိုးကို တဖြည်းဖြည်းချင်း ဆွဲယူသည်။ ကိုကိုကျော် ကြိုးကိုကိုင်ပြီး အသာမေ့လိုက်လာသည်။ ခြေထောက် ထောက်မိသည့်နေရာရောက်တော့ ကြိုးကိုလွှတ်လိုက်ပြီး နှစ်လှမ်းသုံးလှမ်းလောက် ဆက်လျှောက်လိုက်သေးသည်။ ရေက ခါးအထက် ရင်ဘတ်အောက်သာ ရှိတော့သည်။ ဒီအခါ ကိုကိုကျော်ဆက်လျှောက်မရသေးဘဲ ကမ်းစပ်က တစ်ယောက်တစ်ပေါက်ပြောဆိုနေကြတဲ့ လူတွေကိုကြည့်လိုက်ပြီး ဘေးက ရေမှော်တွေကိုဆွဲယူကာ သူ့ရှေ့မှာ ဖုံးကွယ်လိုက်ရင်း ရောက်တဲ့နေရာမှာတင် ငုတ်ကြီးရပ်နေသည်။

'ဟေ့လူ ဘာလုပ်နေတာလဲ ဆက်ကူးလာခဲ့တော့လေ'

'ဟုတ်ပ ဒီကလေးနယ် ဘာငူနေပြန်တာလဲ'

'ဟဲ့···ကလေး ကူးခဲ့လေ၊ ဘာရပ်နေတာလဲဟဲ့'

ကမ်းစပ်ကလူတွေ တစ်ယောက်တစ်မျိုး အော်ဟစ်ခေါ်ငင်နေသည်။ ကိုကိုကျော်က ခေါင်းတရမ်းရမ်းနဲ့သာ ရှေ့ဆက်လျှောက်မလာသေး။ အော်ဟစ်ခေါ်ငင်နေသည့် လူတွေကိုတစ်ဦးချင်း လိုက်ကြည့်နေပြန်သည်။ အော်ဟစ်ခေါ်ငင်နေတဲ့အထဲမှာ ဖြူဖြူသော်လည်းပါသည်။ ငိုမဲ့မဲ့မျက်နှာနဲ့ သူ့ကို ခေါ်နေသည့် ဖြူဖြူသော်ကို ကြည့်လိုက်ပြီး···

'ဖြူ··ဖြူ··ကျောင်း··ကျောင်းကို··ပြန်··ပြန်နှင့်နော်··'

လို့ ထစ်ထစ်ငေါ့ငေါ့နဲ့ လှမ်းပြောလိုက်သည်။ ဖြူဖြူသော်ကလည်း···

'အို··ကိုကိုကျော်ကလည်း··ကမ်းပေါ်တက်ခဲ့လေ··ကျောင်းကို အတူ··အတူ··ပြန်ကြရအောင်လေ··'

ကိုကိုကျော် ဖြူဖြူသော်ရဲ့ စကားကိုချက်ချင်းပြန်မဖြေသေးဘဲ ကမ်းစပ်ကလူတွေရဲ့မျက်နှာတွေကို လှမ်းကြည့်လိုက်ရင်းက

'မ··မ··မဖြစ်ဘူး··ဖြူအရင်··ပြန်··ပြန်နှင့်··'

'သြော်··ဒီကလေးနယ်··ဘာဖြစ်ရပြန်သတုန်း··ကမ်းပေါ်တက်ခဲ့တာမဟုတ်ဘဲနဲ့·· ရေထဲရပ်နေပြန်သေးတယ်'

'ကို··ကိုကျော်··ကမ်းပေါ်ကို မြန်မြန်တက်ခဲ့တော့လေ··'

ဖြူဖြူသော် ငိုတော့မယ့်အတိုင်း ထပ်ခေါ်ပြန်တော့ ကိုကိုကျော်က··

'မ··မဖြစ်ဘူး··ဖြူပြန်နှင့်နော်··ကိုကျော်··ကို··ကို··ဟို··ဟိုဒင်း···

ပ··ပ··ပုဆိုးက··ရေ··ရေလယ်မှာ··ကျွတ်··ကျွတ်ကျန်ရစ်ခဲ့··အဲ့··အဲ့ဒါ··

ဖြူဖြူသော်··မျက်နှာရဲခနဲဖြစ်သွားကာ သူ့ကျောင်းလွယ်အိတ်ကို ဆတ်ခနဲကောက်လွယ်ပြီး လူကြားထဲတိုးဝင်လို့ သုတ်ခနဲ ပြေးထွက်သွားလေသည်။ အဲ့ဒီအခါကျမှ လူတွေလည်း သဘောပေါက်ပြီး တဝါးဝါး··တဟားဟားနဲ့ ဝိုင်းရယ်ကြပါလေတော့သည်။

အဲ့ဒီလိုဖြစ်ပြီး နောက်တစ်နေ့မှာ သူငယ်ချင်းတွေက ဝိုင်းမေးတော့ ကိုကိုကျော်က နှစ်ယောက်အတူထိုင်နေရာက မျက်လုံးဝေ့အကြည့်မှာ ကျုံးတောင်ဘက်ကမ်းစပ်မှာ လှေတစ်စင်းချည်ထားတာကို လှမ်းမြင်တော့ ဖြူဖြူသော်နဲ့နှစ်ယောက်အတူ ကျုံးထဲမှာ လှေစီးရရင်ကောင်းမှာပဲဆိုတဲ့အတွေးနဲ့ လှေကိုသွားယူတာပေါ့။ သူ့မျက်လုံးထဲမှာ လှေက သူတို့နှစ်ယောက်ထိုင်နေတဲ့နေရာနဲ့ဆို ဝါးတစ်ရိုက်လောက်ပဲ ဝေးတာလို့ထင်တာ။ ဒီအကွာအဝေးလောက်ဆို လှေဆီကိုအရောက်သွားနိုင်တယ်ဆိုတဲ့အတွေးနဲ့ ကျုံးထဲဆင်းတာတဲ့လေ။ ကဲ··အဲ့သလိုပါဆို။

ကိုကိုကျော် ဒီလိုရေနစ်ရတာ ဖြူဖြူသော်ကြောင့် ဖြစ်ရတာ၊ ကံကောင်းလို့ သူတို့မောင် မသေတာဆိုပြီး ကိုကိုကျော်ရဲ့ အစ်မတွေက ဖြူဖြူသော်တို့အိမ်သွားကြပြီး ရန်လုပ်ကြဆိုပဲ။ ရပ်ကွက်ထဲမှာ ရတ်ရတ်သဲသဲကိုဖြစ်လို့။ ဒီသတင်းက ပိုက်ကျိုးတစ်ခွင်တင်မက သူတို့တက်နေတဲ့ ဒေသကောလိပ်ကျောင်းထိ ရိုက်ခတ်လာတာကိုး။ ဒါကြောင့် ဖြူဖြူသော်မိဘတွေက ရှက်လွန်းလို့ဆိုပြီး ဖြူဖြူသော်ကိုကျောင်းနုတ်ကာ သူမရဲ့အဘိုးအဘွားတွေရှိတဲ့ မော်လမြိုင်ကိုပို့လိုက်ကြသည်တဲ့။ မကြာခင်မှာဘဲ ရာထူးတိုးလို့လား နယ်ပြောင်းရတာလားမသိ ဖြူဖြူသော်မိဘတွေအားလုံး ရန်ကုန်ကိုပြောင်းရွှေ့သွားကြသည်။ အဲ့ဒီကတည်းကစလို့ ကိုကိုကျော် အိမ်မြှောင်အမြီးပြတ်သလို ထွန့်ထွန့်လူးဖြစ်ကာ အတော်လေးခံစားလိုက်ရသည်။ ဘာတဲ့ သူပြောနေကျလက်သုံးစကားက··

'မိန်းမဆိုကြောက်သွားပြီ··မခံစားနိုင်လို့ လူပျိုကြီးပဲလုပ်တော့မယ်'တဲ့။ ခံစားနိုင်လည်း သူ့ရဲ့အူကြောင်ကျားအဖြစ်ကိုသိလို့ ဘယ်မိန်းကလေးကမှ အကပ်မခံကြတာလည်း ပါမှာပေါ့။ မိဘနဲ့ အစ်မတွေက သူတို့စိတ်ကြိုက် မိန်းမတစ်ယောက် ရှာပေးမယ်ဆိုပြန်တော့လည်း ကိုကိုကျော်က ဇီဇာကြောင်နေပြန်သေးသည်။ ဝတ်ပုံစားပုံ နေပုံထိုင်ပုံကလည်း အရင်လိုမဟုတ်တော့။ အရင်က သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့် ရှိခဲ့သည်။ အခုတော့ဖြစ်သလို ဖိုသီဖတ်သီ နေတတ်ပြန်သည်။ ဝါသနာအရင်းခံဖြစ်သည့် စာပေကိုသာ တစိုက်မတ်မတ်ကြိုးစားခဲ့သည်မို့ အခုဆို လစဉ်ထုတ် မဂ္ဂဇင်းများနဲ့ သတင်းစာတွေမှာ သူ့အရေး သူ့အတွေးတွေဖြစ်တဲ့ ကဗျာ၊ ဝတ္ထု၊ ကာတွန်းတွေ မကြာခဏဖော်ပြခံနေရပြီမို့ စာပေဝါသနာရှင်တွေစုဝေးတတ်ရာ ချိန်တန်ပြီကဖေး၊ ရွှင်ကြည်မိုးမောနင်းစတား လက်ဖက်ရည်ဆိုင်၊ ဒါးတန်းက ရွှေမန်းကဖေး၊ နံနက်ပိုင်းဆိုင်ရင် ၂၉လမ်းက မျက်သွယ်ကဖေးမှာ သူ့ကို အမြဲ တွေ့နေရတတ်သည်။

ကိုကိုကျော်တစ်ယောက် ဘဝကိုဒီလိုနဲ့ ဖြတ်သန်းလာခဲ့သည်မှာ ဆယ့်လေးငါးနှစ်မကတော့။ ဂျာနယ်တွေခေတ်ကောင်းနေတဲ့ ဒီနေ့ခေတ်ရေစီးကြောင်းမှာ အလိုက်သင့်စီးမြောရင်း ကိုကိုကျော် အလုပ်ဖြစ်နေပြီး မန္တလေးမှာတင် ဂျာနယ်၊ လစဉ်ထုတ်မဂ္ဂဇင်း တစ်စောင်နှင့် နှစ်ပတ်လည်၊ လပတ်လည် စတဲ့ မြို့နယ်တွေ ဌာနဆိုင်ရာတွေနဲ့တင်ဆို သူ့လိုနာမည်ရစပြုနေသူအဖို့ ခွင်ချည်းပါပဲ။ ဟော အခုကလည်း သူနေတဲ့မြို့နယ်က မဂ္ဂဇင်းတစ်စောင် ထုတ်ဦးမည်ဆိုတော့ သူမပါရင် မပြီးပြန်ပါဘူး။ မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် စာပေပညာရှင်များထံ စာမူတောင်းခံရေးအတွက် တာဝန်ယူရပြန်သည်။

(ဆက်လက်ဖော်ပြပါမည်။)

မင်းယဉ်၊ သင်ပန်းကုန်း

## နွေရာသီ အားကစားသင်တန်းဆင်းပွဲကျင်းပ

**မင်းဘူး မတ် ၁**

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် နွေရာသီ အားကစားသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၉ နာရီက မင်းဘူးမြို့၊ ခရိုင်အားကစားဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက သင်တန်းတွင် မိမိတို့ သင်ယူတတ်မြောက်ခဲ့ကြသည့် ဘာသာရပ်များအလိုက် အကအလှ အစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ကျောင်းသားများနှင့် သင်တန်းနည်းပြများအား သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။



မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ်များ နွေရာသီကျောင်းပိတ်ရက်တွင် ဖုန်းနှင့် ဂိမ်းဆော့ခြင်းများတွင် အချိန်ကုန်မည့်အစား ကိုယ်လက်လှုပ်ရှားမှုဖြင့် အချိန်ကိုအနှစ်သာရရှိရှိ ကုန်ဆုံးစေရန်၊ မိမိတို့ ဝါသနာပါသည့် အားကစားနည်းများကို စနစ်တကျသင်ယူပြီး အနာဂတ်တွင် မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်နှင့် နွေရာသီ၏ ပူပြင်းသည့်ဒဏ်ကို ခံနိုင်ရည်ရှိအောင် ကိုယ်ခံအားမြှင့်တင်ပေးကာ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုကို အထောက်အကူပြုရန် သင်ကြားဖွင့်လှစ်ပေးခြင်းဖြစ်ပြီး နွေရာသီအားကစားသင်တန်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်၍ အဆိုပါသင်တန်းတွင် ကရာတေး၊ ဝူရှူး၊ ဘောလုံး၊ Fitness Dance သင်တန်းတို့ကို စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ (၅၀၄)

## နွေနှမ်းသီးနှံ ၂၉၂၀၈ ဧကလျာထားစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေထွန်ယက်ပြုပြင်စိုက်ပျိုး

**မြစ်သား မတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ဒေသတွင်းစားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၂၉၂၀၈ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ယနေ့အထိ ဧက ၁၅၂၃၀ စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေးအဆင်ပြေမှုကြောင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်လာသဖြင့် ဒေသခံတောင်သူများက သီးနှံများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ကိုင်လျက်ရှိရာ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဖြူစိုက်တောင်သူများသည် မျိုးစေ့ချစိုက်ပျိုးခြင်းဖြစ်ပြီး တစ်ဧကလျှင် တစ်ပြည်နှင့် လေးဘူးသာကုန်ကျ၍ နှစ်လခန့်အကြာတွင် နှမ်းဖြူစိုက်ခင်းများ အပွင့်၊ အသီးစတင်ဖူးပွင့်ပြီး လေးလခန့်အကြာတွင် စတင်ရိတ်သိမ်းရကြောင်း နှမ်းဖြူစိုက်ပျိုးသော တောင်သူ ဦးဝင်းမြင့်ထံမှ သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား နွေနှမ်းစိုက်ပျိုးရာသီတွင် သီးနှံအထွက်နှုန်းကောင်းမွန်စေရန်နှင့် အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ထို့အပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ (မြေ၊ မျိုး၊ ပိုး) တာဝန်ခံ



ဝန်ထမ်းများကလည်း မြို့နယ်အတွင်းရှိ တောင်သူများ နွေနှမ်းစိုက်ပျိုးရာတွင် တစ်ဧက သီးနှံအထွက်နှုန်းတိုးတက် မြင့်မားစေရေးမြေဆီလွှာကောင်းမွန်စေရန် လုပ်ဆောင်ရမည့်နည်း စနစ်များ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရန်နည်းလမ်းများနှင့် အခြေခံသီးနှံစိုက်ပျိုးနည်းစနစ်များကို ကွင်းဆင်းပညာပေးခြင်းများ လုပ်ဆောင်ပေးနေသည်။

မြစ်သားမြို့နယ်အတွင်း၌ ယခုနှစ်တွင် နှမ်းဖြူကို လက်ပံဆိပ်ကျေးရွာ၊ ကူဖြူကျေးရွာ၊ နီပါးကုန်းကျေးရွာ၊ နဲ့ဝဲကျေးရွာ၊ ကဆွန်ကျေးရွာ၊ လမ်းခွကျေးရွာ၊ ပေါမောကျေးရွာ၊ ကြောင်ပန်းကုန်းကျေးရွာ၊ အုပ်ရှစ်ကုန်း ကျေးရွာ၊ တလိုင်းကုန်းကျေးရွာ၊ ထနောင်းကုန်းကျေးရွာ၊ သမတန်းကျေးရွာ၊ ငါးဆူကျေးရွာ၊ ရွှေပေါ်ကျွန်းကျေးရွာ၊ ကျန်တောကျေးရွာ၊ ကုက္ကိုကုန်းကျေးရွာ၊ ရွှေကြာအင်းကျေးရွာ၊ ကုက္ကိုစုကျေးရွာ တို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

ဝါဝါမြင့်(မြစ်သား)






## တောင်သူလယ်သမားနေ့

* တို့တောင်သူလယ်သမားတို့
နွေစပါးစိုက်ကြမည် ။
* ငရုတ်၊ ကြက်သွန်၊ ဘူးနဲ့ခရမ်း
စိမ်းလန်းစေဖွယ် ။
* ခရမ်းချဉ်ပင်ကတစ်သွယ်
ပေါင်ဆွဲကာ အတန်းလိုက်စိုက် ။
* ပဲမျိုးစုံ အို···တစ်မျိုးပ
ကောင်းကျိုးအကွက်ဆိုက် ။
* ဆီကိုကွယ် မြေပဲနဲ့
နေကြာလည်း စိုက်တယ် ။
* နွေနှမ်းကို သတိထားလို့
ကြိုးစားစိုက်မယ် ။
* တို့လယ်သမား ဂုဏ်မငယ်
ဝမ်းစာကွယ်ဖူလုံလို့ ။
* သုံးသီးရုံခံ စံစားရသမို့
သားရှင်ပြုစို့ ။
* "ဒူးယား" ရယ် "ခပေါင်း"၊ ပုပွား၊
"တောင်သူလယ်သမားနေ့" စခဲ့တာ ။
* မတ်လဆို ထိုနှစ်ရက်က
ရက်မြတ်မင်္ဂလာ ။
* တို့လယ်သမားတို့ ပျော်ရွှင်စွာ
ညီညီညာ ကခုန်လျက် ။
* အိုးစည်ဗုံ တူစုံတီးလို့ရယ်
စည်းဝါးကိုက်ချက် ။ ။

**အင်ကြင်းစုမျိုးချစ်ဆွေ(မန္တလေး)**

## ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး မတ် ၁**

ချမ်းအေးသာစံမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေး၊ စိမ်းလန်းစိုပြည်စေရေးတို့အတွက် ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေးကို ကန်ကောက်ရပ်ကွက်၌ ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို မြို့ပတ်လမ်းနှင့်လမ်း၃၀ မှ စတင်ဆောင်ရွက်ခဲ့ကြပြီး လမ်းဘေးဝဲ၊ ယာရှိ ချုံနွယ်ပေါင်းပင်များ၊ ပလတ်စတစ်အမှိုက်များ၊ သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခုတ်ထွင်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ ဆယ်ယူခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**



**သင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက်**
**ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး**
**မေးသိုင်းကြိုးသေချာစွာ တပ်ပါ ။**

# ဘုရားဖူးဧည့်သည်များနှင့် စည်ကားလှသည့် မင်းဘူးမြို့



မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့သည် မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်ကမ်းဘေး အချက်အချာကျပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကာ အေးချမ်း၍ သာယာလှသည့် အညာမြို့လေး တစ်မြို့ဖြစ်ပြီး လေ့လာလည်ပတ်စရာ အထင်ကရနေရာများစွာရှိသောကြောင့် ဘုရားပွဲရာသီနှင့်အတူ ခရီးသွားဧည့်သည်အများအပြား ဝင်ရောက်လျက်ရှိသော မြို့တစ်မြို့ဖြစ်သည်။

မင်းဘူးမြို့သည် ဧရိယာ စတုရန်းမိုင် ၁၆၄ ဒသမ ၂၇၃ မိုင် ကျယ်ဝန်းကာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၆၄ ပေနှင့် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိပြီး အေးချမ်းသာယာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်သွားလာရာတွင် လွယ်ကူမြန်ဆန်ခြင်းများကြောင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ သဘောကျ နှစ်ခြိုက်သော မြို့လေးတစ်မြို့ ဖြစ်သည်။

မင်းဘူးမြို့နယ်တွင် ဖလံရုံတောင်၊စကြိုတောင်၊သက်နှံလိပ်တောင်၊ခွေးကတက်တောင်စသော တောင်ကုန်း တောင်တန်းများနှင့် ဆားပွက်ချောင်း၊ မုန်းချောင်း၊ မန်းချောင်းများက ဝန်းရံကာ လှိုဏ်မြောင်ချိုင့်ဝှမ်းများနှင့်သဘာဝ အလှအပရှုခင်းများကို လိပ်တောင်နှင့် စက္ကိန်းတဲဘုရားရင်ပြင်တော်ပေါ်မှ ကြည့်ရှုပါက အထူးသာယာလှပသောမြင်ကွင်းကို တွေ့မြင်ရမည်ဖြစ်သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်း၊ လမ်းဘေး ဝဲ၊ ယာ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မင်းဘူးခရိုင် လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော အန္တရာယ်ရှိသော လမ်းကွေ့များ(မျက်ကွယ်များ) မြေဖြတ်ခြင်းလုပ်ငန်းနှင့် လမ်းဘေးရေမြောင်းပြုလုပ်ခြင်း၊ ၂၄ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းအထူးအဖွဲ့(၁၁)မှ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူ (မင်းဘူးမြို့တွင်းလမ်း) မူလကတ္တရာလမ်းပေ ၃၀ အကျယ်မှ ၄၈ ပေအထိ လမ်းချဲ့၍ နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများကိုလည်း အဆင့်မြင့်တင်ကာ ဆောင်ရွက်ထားသေးသည်။

ထို့အပြင် ရွှေစက်တော်ဘုရား၊စက္ကိန်းတဲဘုရား၊ရှင်မင်းဘူးဘုရား၊ သမုတ္တဂီရိမြစေတီတော်မြတ်ကြီးနှင့် နဂါးပွက်တောင်၊ မုန်ကင်းရုပ်စုံကျောင်း၊ သုံးထပ်ရုပ်စုံကျောင်း၊ ကန်ဦးဘုန်းတော်ကြီးကျောင်း၊ ကျွဲတဲကျေးရွာ ရွှေတောင်ဦး ဘုရားများမှ ပုဂံခေတ်နှင့် ကုန်းဘောင်ခေတ်များ၏ အံ့မခန်း ပြောင်မြောက်စွာ ထုဆစ်ထားသော ပန်းပုလက်ရာများနှင့် နံရံဆေးရေးပန်းချီ လက်ရာများက ရှုမငြီးနိုင်အောင် ဆွဲဆောင်မှုရှိလှသည်။

ယခုအချိန်တွင် ထိုကဲ့သို့ သမိုင်းဝင် တန်ခိုးကြီးဘုရားစေတီများ၊ လေ့လာလည်ပတ်စရာ အထင်ကရ နေရာများရှိသည့်အပြင် တပေါင်းလဖြစ်၍ ပွင့်လင်းရာသီသို့ ရောက်ရှိလာခြင်း၊ မန်းရွှေစက်တော် ဘုရားပွဲရာသီနှင့် တိုက်ဆိုင်နေခြင်းများကြောင့် ဘုရားဖူးများနှင့် လေ့လာလည်ပတ်ကြသော ခရီးသွားပြည်သူများက Express ကားကြီးများနှင့် တစ်မျိုး၊ မှန်လုံယာဉ်ငယ်လေးများနှင့်တစ်ဖုံ၊ ကိုယ်ပိုင်ကားများနှင့်တစ်သွယ် အမျိုးမျိုးအဖုံဖုံ ဝင်ရောက်လျက်ရှိကာ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၄)



## ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲ ကျင်းပ

**ပင်းတယ မတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားဗုဒ္ဓပူဇနိယ ပွဲတော်ကို မဟာမုနိဓမ္မာရုံတွင် သာသနာနှစ် ၂၅၆၉ ခု၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခု တပေါင်းလဆန်း ၁၁ ရက် နံနက် ၆ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပင့်ဖိတ်၍ ကြွရောက်တော်မူလာကြကုန်သော ရွှေဥမင်ဘုရား ဩဝါဒါစရိယ ဆရာတော်များနှင့် မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော် ၁၈ ပါး၊ ပွဲတော်ဖြစ်မြောက် အောင်တော်မူစေရန် ဦးစီးညွှန်ကြားပေးသော ဓနုဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အဖွဲ့ဝင်များ၊ ဒေသအဆင့်ဌာနဆိုင်ရာများ၊ ရွှေဥမင်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပွဲတော်ဦးစီးကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများနှင့် မြို့မိ၊ မြို့ဖအပေါင်းတို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ကြပြီး ဓမ္မမိတ်ဆွေမိတ်သင်္ဂဟအပေါင်းတို့က ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားနှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ(ရွာငယ်ကျောင်းသစ်ကျောင်း)ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်သည့် မေတ္တာသုတ်တော်နှင့် ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်လက်၍ ဩဝါဒါစရိယ ဆရာတော်က တပေါင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပရာတွင် ကောင်းမွန်စွာ စီမံဆောင်ရွက်ပေးနိုင်ရန် ဩဝါဒတရားဟောကြားတော်မူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့ပြီး အခမ်းအနားကြီးကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၃၈)



## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

**မန္တလေး မတ် ၁**

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့လျက်ရှိရာ ဖေဖော်ဝါရီ ၂၈ရက် မြို့တော်ဆေးရုံတွင် အူအတက်ရောင်၍ တက်ရောက်ဆေးကုသမှုခံယူနေသော သင်္ချာဌာနမှ ကန်တော့ခံဆရာမကြီး ဒေါ်အုန်းဆင့်ထံသို့ ကျန်းမာရေးစောင့်ရှောက်မှု ကန်တော့ငွေကျပ် ငါးသိန်းကို ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ နာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်၍ ကျန်းမာရေး မေးမြန်းအားပေးစကားများ ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ မန္တလေးတက္ကသိုလ် သင်္ချာမိသားစု ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှလည်း ဂါရဝပြုထောက်ပံ့ငွေကျပ် သုံးသိန်းပေးအပ်ခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်အထိ နာမကျန်းသော ကန်တော့ခံဆရာ၊ ဆရာမကြီး ၃၈၀ဦးအား ငွေကျပ် ၇၇၅သိန်း ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

(၀၄၅)

## ကျောက်ဆည်မြို့နယ်တွင် နေ့စဉ်ဝင်ငွေရရှိရေး ဂန္ဓမာပန်းများ နှစ်ပတ်လည်စိုက်ပျိုးလျက်ရှိ

**ကျောက်ဆည် မတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်မှ တောင်သူအချို့သည် နေ့စဉ်ဝင်ရရှိရေးနှင့် မိသားစုစားဝတ်နေရေး အဆင်ပြေရန်အတွက် ဂန္ဓမာပန်းမျိုးစုံကို နှစ်ပတ်လည် စိုက်ပိုးရောင်းချခြင်းများရှိကြောင်း သိရှိရပြီး သံရွာကျေးရွာအုပ်စု၊ ညွှန့်ပင်ကျေးရွာ တောင်သူ ဦးစိန်အောင် စိုက်ပျိုးထားသော ဂန္ဓမာပန်းခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နေ့စဉ် ခူးဆွတ်ရောင်းချသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

ဂန္ဓမာပန်းသည် မျိုးကွဲများစွာရှိပြီး ရွှေစိမ်းအနီ၊ ခိုင်ချူး၊ စံပယ်အဖြူ၊ စံပယ်အဝါ၊ ကျောက်စိမ်း၊ရွှေဝါဝင်းစသည့် ပန်းပျိုးပင်များကို ပြင်ဦးလွင်မြို့နယ် အနီးစခန်းကျေးရွာမှ ဝယ်ယူ၍ စိုက်ပျိုးရကြောင်း၊ပန်းပင်အမျိုးအစားအလိုက် တစ်ပင်လျှင် ငွေကျပ် ၂၀မှ ၃၅ကျပ် အထိ အမျိုးမျိုး ဝယ်ယူရကြောင်း၊ စိုက်ပျိုးပြီး လေးလအကြာတွင် ပန်းများစတင်ရောင်းချရကြောင်း၊ရောင်းချရာတွင် ပန်းခိုင် ၂၀ ခိုင်ခန့်ပါဝင်သော ပန်းတစ်စည်းလျှင် ပန်းလှပမှုနှင့် ပန်းအမျိုးအစားအပေါ်မူတည်၍ ငွေကျပ် ၃၅၀၀ မှ ၅၀၀၀ အထိ ရောင်းချရကြောင်း သိရသည်။

(၄၈၅)

*-*-*-*-*



## သီရိမန္တလာဈေးနှင့် သီရိရိပ်မွန်အိမ်ရာရှိ ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

**မန္တလေး မတ် ၁**

မီးလောင်မှုနှင့် မီးလန့်မှုများ လျော့နည်းကျဆင်းလာစေရေးအတွက် ယမန်နေ့က အောင်မြေသာစံမြို့နယ်အတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် လက်ထောက်မီးသတ်ဦးစီးမှူးများ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမျိုးနှင့် ရာအိမ်မှူးများ၊ ရပ်ကွက်အရန်မီးသတ်တပ်ကြပ်ကြီး စိုပြေဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံ ဦးမြင့်သော်ထွန်းနှင့် ဈေးအကျိုးတော်ဆောင်များ ပူးပေါင်း၍ သီရိမန္တလာဈေးနှင့် သီရိရိပ်မွန်အိမ်ရာတို့ရှိ ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေး သတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် 191 Report Application ကို ဈေးသူ၊ ဈေးသားများ အသုံးပြုတတ်စေရေး ထည့်သွင်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့်အဖွဲ့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

# ထိုင်းနိုင်ငံက ဆရာဝန်ကြီးပေးလိုက်တဲ့ ကင်ဆာဆေး

မျိုးထက်

မြန်မာနိုင်ငံက ကင်ဆာရောဂါဖြစ်တဲ့ အမျိုးသားတစ်ယောက်ဟာ ဘန်ကောက်ကိုသွားပြီး ဆေးကုပါတယ်။ ဘန်ကောက်မှာ အဲ့ဒီဆရာဝန်ကြီးက အလွန်နာမည်ကြီးတယ်လို့ ဆိုပါတယ်။ အစာအိမ်နဲ့ အူလမ်းကြောင်းဆိုင်ရာ အထူးကုသမားတော်ကြီးပါ။ သူ နာမည်ကြီးတာက သူကုသပေးတဲ့ ကင်ဆာရောဂါဝေဒနာရှင်တွေ အတော်များများ ပျောက်ကင်းကြလို့ပဲ ဖြစ်ပါတယ်။ အခြားဆေးရုံတွေက လက်လွှတ်လိုက်တဲ့ ကင်ဆာရောဂါသည်တွေကို ကုသပေးပါတယ်။ ကုသပေးတဲ့ ကင်ဆာရောဂါသည်တိုင်းလည်း ပျောက်ကြတယ်လို့ ဆိုပါတယ်။ အဲ့ဒါကြောင့်လည်း ဆရာဝန်ကြီးက နာမည်တအားကြီးတာဖြစ်ပါတယ်။

အဲ့ဒီဆရာဝန်ကြီးက သူကိုယ်တိုင်ဖော်စပ်ထားတဲ့ဆေးကို ဆေးတောင့်(Capsule)လေးတွေထဲ ထည့်ပြီး ရောဂါအနေအရင့်အလိုက် ပေးတယ်လို့ ဆိုပါတယ်။

အခုလည်းပဲ ပြောခဲ့တဲ့ မြန်မာနိုင်ငံက ကင်ဆာရောဂါရှင် အမျိုးသား သွားရောက်ကုသခံရာမှာလည်း ဆရာဝန်ကြီးက သူဖော်စပ်ထားတဲ့ဆေးတောင့် တစ်လစာ ပေးလိုက်ပါတယ်။ ဆရာဝန်ကြီးပေးလိုက်တဲ့ဆေးကို နေ့စဉ်သောက်ပါတယ်။ သောက်ပြီး သုံးပတ်ကျော်လောက်နေတော့ သိသိသာသာ နေထိုင်ကောင်းလာတယ်လို့ ဆိုပါတယ်။ အဲ့ဒီအမျိုးသားလည်း ဆရာဝန်ကြီးပေးလိုက်တဲ့ဆေးက တကယ်စွမ်းပါလားပေါ့။ စပ်စုဦးမှုဆိုပြီး ဆရာဝန်ကြီးပေးလိုက်တဲ့ ဆေးတောင့်လေးကို ဖွင့်ကြည့်ပါတယ်။

ဆေးတောင့်လေးကိုဖွင့်ပြီး စက္ကူဖြူပေါ် သွန်ချလိုက်တဲ့အခါမှာတော့ အဝါရောင်အမှုန့်တွေ ဖြစ်နေပါတယ်။ အဝါရောင်အမှုန့်တွေကို သေချာနမ်းရှူကြည့်တဲ့အခါမှာ ရင်းနှီးကျွမ်းဝင်တဲ့ အနံ့တစ်ခု ဖြစ်နေပါတယ်။ ဘာအနံ့လည်းလို့ ချက်ချင်းမသိသေးဘဲ ဖြစ်နေပါတယ်။ နောက်မှ တဖြည်းဖြည်း စဉ်းစားလိုက်တော့မှ နနွင်းမှုန့်ဆိုတာ သိလိုက်ပါတယ်။ နနွင်းမှုန့်တွေကို ဆေးတောင့်သွပ်ကာ ကင်ဆာဆေးဆိုပြီး ဆရာဝန်ကြီးက ပေးလိုက်တာ ဖြစ်ပါတယ်။

ထိုင်းဆရာဝန်ကြီးဟာ အနောက်တိုင်းဆေးပညာရှင် ဆရာဝန်ကြီးဖြစ်ပေမယ့် ရိုးရာတိုင်းရင်းဆေးကို လေးစားယုံကြည်ပုံ ရှိပါတယ်။ တိုင်းရင်းဆေးကို ပစ်ပယ်တာမျိုးမရှိဘူးလို့ ယူဆရပါတယ်။ နနွင်းနဲ့ပတ်သက်ပြီး သုတေသနပြုစမ်းသပ်တွေ့ရှိချက်တွေကိုလည်း ကောင်းကောင်းသိပုံရပါတယ်။ လေ့လာထားပုံ ရှိပါတယ်။ ပြောရရင် Update ဖြစ်တယ်လို့ ဆိုရမှာပါ။

ဒါကြောင့်လည်း ဆရာဝန်ကြီးက ကင်ဆာရောဂါတွေကို တိုက်ဖျက်ရာမှာ နနွင်းကိုသုံးခဲ့တာ ဖြစ်ပါတယ်။ လက်တွေ့အသုံးပြုတဲ့အခါမှာလည်း အောင်မြင်တာ တွေ့ရပါတယ်။



ပြောခဲ့တဲ့ ဆရာဝန်ကြီးဆီ ကင်ဆာသွားကုတဲ့ မြန်မာနိုင်ငံက အမျိုးသားလည်း ကင်ဆာပျောက်သွားတယ်လို့ ဆိုပါတယ်။ အဲ့ဒီကင်ဆာပျောက်သွားတဲ့သူဟာ သူ့ရဲ့ကိုယ်တွေ့တွေကို ဆွေမျိုးသားချင်းတွေ၊ သူငယ်ချင်းမိတ်ဆွေတွေကို မျှဝေပြောပြတယ်။ နနွင်းကိုလည်း ကိုယ်တိုင်စိုက်ပြီး ကင်ဆာဝေဒနာရှင်တွေကို အလှူဒါနလုပ်တယ်လို့ သိရပါတယ်။ သူ့ရဲ့လက်ဆင့်ကမ်း မျှဝေလှူဒါန်းမှုတွေကြောင့် ကင်ဆာရောဂါဝေဒနာရှင်တွေ အတော်များများ သက်သာပျောက်ကင်းကြတယ်လို့ သိရပါတယ်။

မြန်မာပြည်မှာ ကင်ဆာဖြစ်နှုန်း များလာတယ်လို့ ဆိုပါတယ်။ ကင်ဆာရောဂါဖြစ်ပြီဆိုရင် ကာယကံရှင်လည်း စိတ်သောကဖြစ်ရတယ်။ မိသားစုဆွေမျိုးသားချင်းတွေလည်း စိတ်ဒုက္ခဖြစ်ကြရပါတယ်။ ကုသစရိတ်လည်း ကြီးပါတယ်။ သူများအားကိုးပြီး ကုသရင်လည်း မျက်နှာငယ်ရပါတယ်။ ပိုက်ဆံရှိလို့ နိုင်ငံခြားသွားပြီး ဆေးကုရင်လည်း ဒုက္ခများ ငွေကုန်များကြပါတယ်။ ပျောက်ရင် တော်သေးရဲ့။ နောက်ဆုံး သေသွားကြတာများပါတယ်။

ကင်ဆာကုတဲ့အခါ ဆေးတွေ အကြိမ်ကြိမ်သွင်းရပါတယ်။ သွင်းရတဲ့ဆေးတွေက ပြင်းတော့ ဆံပင်တွေ ကျွတ်တယ်။ ကိုယ်ခံအားစနစ်တွေ၊ ခုခံမှုစနစ်တွေ ကျစေတယ်။ နနွင်းကတော့ ဆိုးကျိုးကင်းပြီး ကင်ဆာရောဂါအမျိုးမျိုးကို အထိရောက်ဆုံး ကာကွယ်တိုက်ဖျက်ပေးနိုင်တဲ့ သဘာဝပစ္စည်းပဲ ဖြစ်ပါတယ်။

နနွင်းဟာ ကင်ဆာရောဂါကို ကာကွယ်နိုင်တဲ့သတ္တိအပြည့်ရှိပြီး ကင်ဆာရောဂါအမျိုးမျိုးခံစားနေရတဲ့သူတွေအနေနဲ့ နနွင်းကို အသုံးပြုမယ်ဆိုရင် သက်သာပျောက်ကင်းနိုင်တယ်လို့ အမေရိကန်နိုင်ငံ၊ ကယ်လီဖိုနီးယားတက္ကသိုလ်က သုတေသနပြု ထုတ်ပြန်ကြေညာထားပါတယ်။ ဒါ့အပြင် အမေရိကန်နိုင်ငံ၊ တက်ဆက်တက္ကသိုလ်ကလည်း ၄င်းတို့ပြုလုပ်တဲ့ ဓာတ်ခွဲခန်းလေ့လာမှုတွေ၊ လူနာတွေအပေါ် လက်တွေ့စမ်းသပ်မှုတွေအရ နနွင်းဟာ ကင်ဆာကာကွယ်ရေးမှာရော ကင်ဆာဆဲလ်တွေ မပျံ့အောင် ထိန်းချုပ်ရာမှာပါ အလွန်အစွမ်းထက်တာ တွေ့ရတယ်လို့ ပြောထားပါတယ်။

နနွင်းမှာပါတဲ့ ကာကူမင်(Curcumin)ဓာတ်တစ်မျိုးက ကင်ဆာ ဆဲလ်တွေနဲ့ထိတွေ့ပြီး နှစ်ဆယ့်လေးနာရီအတွင်းမှာပဲ အလုပ်လုပ် ပါတယ်။ စတင်ပြီး ကင်ဆာဆဲလ်တွေကို တိုက်ခိုက်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ နနွင်းထဲက ဆက်စပ်ဒြပ်ပေါင်းတွေကလည်း သဘာဝဓာတ်တိုးဆန့်ကျင့်ပစ္စည်းတွေဖြစ်တာကြောင့် ကင်ဆာဖြစ်လာနိုင်ခြေရှိတဲ့ ဆဲလ်တွေကို ဖျက်ဆီးပေးပါတယ်။

ဒီအချက်တွေကို သိပြီးတဲ့နောက်မှာ အမေရိကန်နိုင်ငံက နနွင်းကို အကြီးအကျယ်စိုက်ပျိုးပြီး နနွင်းဆေးတောင့်တွေ ထုတ်လာပါတယ်။ ကင်ဆာရောဂါဝေဒနာရှင်တွေအတွက် ဈေးသက်သာပြီး ဘေးထွက်ဆိုးကျိုးကင်းတဲ့ အလှည့်အပြောင်း ကုထုံးဆေးအဖြစ် အသုံးပြုလာတာ တွေ့ရပါတယ်။

သဘာဝပစ္စည်းတွေထဲက အရောင်စွန်းထင်းစေတဲ့ ပစ္စည်းတွေဟာ ကင်ဆာတိုက်ဖျက်နိုင်တာ တွေ့ရပါတယ်။ ခရမ်းရင့်ရောင် နဂါးမောက်သီး၊ ကြက်သွေးရင့်ရောင် မင်းဂွတ်သီးခွံတွေ၊ အနီရောင်ရင့်ရင့် စပျစ်သီးခွံမျိုးတွေပါ။

နနွင်းကို မှီဝဲခြင်းဖြင့် ခန္ဓာကိုယ်ရဲ့ ကိုယ်ရှိန်တေဇောဓာတ်ကို မှန်စေတယ်။ တစ်နည်းပြောရရင် ခန္ဓာကိုယ်ရဲ့ ဝမ်းမီးအားကို မှန်စေတယ်။ ဝမ်းမီးအားမှန်တော့ ကိုယ်တွင်းစနစ်တွေရဲ့ အလုပ်တာဝန်တွေလည်း မှန်စေတယ်။ ရောဂါကာကွယ်ရေးဆဲလ်တွေလည်း ရှင်သန်စေတယ်။ ကိုယ်ခံစွမ်းအားလည်းလိုက်ပြီး အားကောင်းလာတယ်။ ကိုယ်ခံစွမ်းအားကောင်းလာတာနဲ့အမျှ ကိုယ်ထဲက ရောဂါတွေကို တိုက်ဖျက်နိုင်မယ်။ ဒါကြောင့် ကင်ဆာဖြစ်နေတယ်ဆိုလည်း အဲ့ဒီကင်ဆာပျောက်စေတာ ဖြစ်ပါတယ်။

ကင်ဆာရောဂါဟာ အခုအခါမှာ ထုထည်ကြီးမားစွာနဲ့ အတော်များများ ဖြစ်နေကြပါတယ်။ ကင်ဆာရောဂါကို နနွင်းက အနိုင်ယူနိုင်တယ်ဆိုတော့ တကယ့်အံ့သြဘနန်းပါပဲ။ မယုံနိုင်စရာပါပဲ။ နနွင်းက မြန်မာပြည်မှာ ပစ္စည်းလည်းပေါ၊ ဈေးလည်းပေါတာမို့ အဆင်ပြေလှပါတယ်။

ထိုင်းနိုင်ငံက ကင်ဆာအထူးကုဆရာဝန်ကြီးကတော့ ကင်ဆာရောဂါကို နနွင်းနဲ့ အမြစ်ပြတ်အောင် ကုသပေးနေလေရဲ့…။

(နနွင်းဆေးတောင့်တစ်မျိုးတည်းနဲ့ပဲ ကုတာလား။ တခြားတွဲဖက်ဆေးဝါး၊ ဖြည့်စွက်ဆေးဝါးတွေရော ပါသေးသလားဆိုတာတော့ ဆက်လက်လေ့လာရဦးမှာ ဖြစ်ပါတယ်။ စကားချပ်…)

ကင်ဆာဝေဒနာရှင်အပေါင်း နနွင်းဖြင့် ဘေးရှင်းကြပါစေ…။

---

# ပိတုန်းရောင်ကေသာ ....

မြန်မာလူမျိုး ဆံပင်နက်များကြားတွင် ရွှေရောင်ဆံပင်၊ ငွေရောင် ဆံပင်၊ မဟော်ဂနီရောင်ဆံပင်စသည့် အရောင်မျိုးစုံနှင့် ယောက်ျားလေး၊ မိန်းကလေး၊ လူကြီးလူငယ် အရွယ်မျိုးစုံအား ဆံပင်ကို ကာလာမျိုးစုံနှင့် မြင်တွေ့နေကြရသည်။ ရွှေရောင်ဆံပင်ရှည်ရှည် ဘောင်းဘီဝတ်ထားပြီး အမှုမဲ့အမှတ်မဲ့ဆိုလျှင် ယောက်ျားလား၊ မိန်းမလား မခွဲခြားတတ်တော့ ခက်နေပြီ။

လှချင်၍ ဆိုးသည်ကို လက်ခံပါသည်။ ရွှေရောင်ဆံပင်နှင့်လိုက်ဖက်သူ မြန်မာအမျိုးသား၊ အမျိုးသမီးများ ရှိပါသည်။ လှချင်၍ ပြင်ရဆင်ရသော နည်းနှင့် ပစ္စည်းများစွာရှိပါသည်။ လူငယ်သဘာဝ အခွင့်အရေးရ၍ လုပ်သည်။ လုပ်ပါ။ မိမိနှင့်လိုက်လျောညီထွေစွာရှိမည့်အရောင်ကို ဆိုးစေချင်ပါသည်။ ပို၍ခက်သည်က ဆယ်ကျော်သက်များသာမက အရွယ်အလတ်ပိုင်းတွေကလည်း လှချင်၍ ဆိုးကြသည်။ အချို့က ဆံပင်ကို အရင်းကတစ်မျိုး၊ အဖျားကတစ်မျိုး ဆိုးထားကြသည်။ အချို့ မိန်းကလေးတွေက ဆံပင်ကိုရွှေရောင်ဆိုးထားပြီး စကပ်အတို၊ တီရှပ်ဝတ်ထားလျှင် ဘိုမရုပ်ကလေးနဲ့တူပြန်ရော လှချက်ဗျာ။ ယောက်ျားလေးတွေကလည်း ဆံပင်ကို ငွေရောင်ပါးပါးလေးနဲ့ ဂျင်းဘောင်းဘီနဲ့ ဖောရင်းရှပ်ဝတ်လိုက်လျှင် ကိုရီးယားမင်းသားလား လို့ ထင်လောက်စရာပေ။ သူကလည်း သူ့စတိုင်လ်နဲ့သူပေါ့။

ဆံပင်နက်များကြားတွင် ရွှေရောင်ဆံပင်ပိုင်ရှင်များကိုတွေ့ရသည်မှာ တစ်မျိုးတစ်ဘာသာဆန်းနေသလိုပင်။ ထင်းခနဲမြင်တွေ့ရသည်။ မှတ်မိလွယ်သည်။ အရှေ့တောင်အာရှတွင်ပင် အခြားနိုင်ငံများ၌ ဆံပင်နက်ချင်နက်လိမ့်မည်။ ကျွန်တော်တို့ မြန်မာများက တစ်နိုင်ငံလုံး ဆံပင်နက်ပါသည်ဟု ဆိုရလောက်အောင်ရှိခဲ့သည်။ ယခုတော့ အခြေအနေအကြောင်းတရားက ပြောင်းလဲသွားကြပြီလား။ ဒါမှမဟုတ် ပြောင်းလဲသွားတဲ့ခေတ်ရေစီးကြောင်းလားဆိုတာ မပြောတတ်ဘူးလေ။ တချို့တွေက ဆံပင်ကိုပဲ အလယ်ခွဲနှင့် ဘေးခွဲကိစ္စ ဆံပင်အရောင် ဆိုးတာမပါ။ လူငယ်တစ်ယောက်က လူကြီးတစ်ယောက်ဖြစ်လာလျှင် ကြုံတွေ့ရမည့်ခံစားမှုတစ်ခုကိုတွေးပြီး ပူပန်နေရပြီလေ။ ဤနေရာ၌ ဆံပင်အလယ်ခွဲခြင်း၊ ဘေးခွဲခြင်းသည် အဓိကလား၊ လူတစ်ယောက်ရဲ့ အမူအကျင့်က အဓိကလားဟု ဆိုစရာရှိလေသည်။

ကျွန်တော်တို့ ဘိုးဘေးဘီဘင်မြန်မာလူမျိုးများ၏ ဗီဇသည် အစဉ်အဆက် ဆံပင်နက်များဖြစ်ကြသည်မှာ ငြင်းဖွယ်ရာမရှိပါ။ ဒါကြောင့် 'နန်းတော်ရှေ့ ဆရာတင်'က ပိတုန်းရောင်ကေသာ…ဖြန့်လိုက်ရင်…ဆိုတဲ့ အစချီသီချင်းလေးဟာ ဆံပင်ကောင်းခြင်း၊ နက်မှောင်သန်စွမ်းခြင်းဆိုတဲ့ သင်္ကေတကို ဖော်ကျူးတဲ့တေးသီချင်းတစ်ပုဒ်ဆိုတာ လူတိုင်းသိရှိပြီး ဖြစ်ပါတယ်။ ရုပ်ရှင်မင်းသား၊ မင်းသမီး၊ အဆိုတော်များ၊ ဇာတ်မင်းသား၊ မင်းသမီးတွေဟာ သူတို့ရဲ့ စားဝတ်နေရေးအတွက် ဆံပင်ကို အရောင်အမျိုးမျိုး ဆိုးကြတာ ပြဿနာမရှိပေမယ့် ကျောင်းနေအရွယ်ဆယ်ကျော်သက်များကိုတော့ မဆိုးစေချင်ဘူး။ ကျောင်းစည်းကမ်းနဲ့ မကိုက်ညီဘူးလေ။ အချို့မိဘတွေက ရိုးရာယဉ်ကျေးမှုအမွေကို ထိန်းသိမ်းကြပေမယ့် အချို့မိဘတွေကိုယ်တိုင်က ဆံပင်ကို အရောင်အမျိုးမျိုး ပြောင်းဆိုးနေကြတာလေ။ ဒါကလည်း ခေတ်ရေစီးကြောင်းဆိုတော့ ကိုယ်တစ်ယောက်ထဲက လွန်ဆန်လို့မရဘူးလေ။ ဒါကလည်း ကိုယ်ပိုင်လွတ်လပ်ခွင့်မဟုတ်လား။

ဆေးအရောင်ကလည်း ကာလာကိုကြည့်ပြီး ဈေးယူကြတာဗျ။ တစ်ရောင်နဲ့တစ်ရောင် ဈေးမတူဘူးလို့ သိရပါတယ်။ ထပ်ပြောပါဦးမယ်။ သူ့နေရာနဲ့သူ မှန်ချင်မှန်လိမ့်မယ်။ အလယ်ခွဲနဲ့မို့၊ ဘေးခွဲနဲ့မို့ လူမလေးစားဘူးဟု မဆိုလိုပါ။ လူအများက ပုံစံတစ်ခုအဖြစ် လေးစားဖွယ်ရာ အနေအထားတစ်ခုမှ သွေဖည်သွားလျှင် လူကဲ့ရဲ့စရာဖြစ်လာနိုင်သည်ကို သိစေချင်ရုံလေးပါ။ တစ်ခါက ကျောင်းသားတစ်ယောက် ဆေးဆိုးပြီး ကျောင်းကိုလာသည်။ ဆံပင်ကို သိသိသာသာမဟုတ်ဘဲ နည်းနည်းလေး အရောင်ထည့်၍ ဆေးဆိုးလာခြင်းဖြစ်သည်။ ဒါကို ဆရာကမြင်တော့ နောက်ရက်ကို ကျောင်းစည်းကမ်းအရ ဆံပင်ကို ဒီအရောင်မျိုးနှင့် ကျောင်းမလာရန် သတိပေးလိုက်ပါသည်။ ဒါပေမဲ့ ထိုငါးတန်းကျောင်းသားလေးဟာ ဆရာ့စကားကို နားမထောင်ဘဲ ဆံပင်ဆေးဆိုးနှင့် ကျောင်းဆက်လက်တက်သည်။ ပြောမရသည့်အခါ အတန်းပိုင်ဆရာမှ ကျောင်းအုပ်ကြီးထံ တင်ပြလိုက်ရာ ကျောင်းသား၏မိဘကို ကျောင်းအုပ်ကြီးထံ လာတွေ့ရန် အကြောင်းကြားလိုက်ပါသည်။

နောက်ရက်ကျောင်းသို့ ရောက်လာသော ကျောင်းသား၏မိဘများကိုတွေ့လိုက်သောအခါ ကျောင်းအုပ်ကြီး ပက်လက်လန်သွားသည်။ အဘယ်ကြောင့်ဆိုသော် မိဘများကိုယ်တိုင်က ရွှေရောင်ဆံပင်ပါးပါးလေးများဆိုးထားသောကြောင့် ဖြစ်ပါသည်။ ကျောင်းကိုလာရင် ကျောင်းစည်းကမ်းလိုက်နာပါ။ မလိုက်နာနိုင်ရင် ဒီကျောင်းမှာမနေပါနဲ့။ မိမိတို့အိမ်တွင် မိမိတို့ကြိုက် နှစ်သက်သလို ဝတ်စားဆင်ယင်ကြပါ။ ကျောင်းကိုလာရင် ကျောင်းစည်းကမ်းကို လိုက်နာရပါမယ်ဟု ပညာပေး ရှင်းပေးလိုက်ရပါသည်။ အချို့မိဘများက ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနေသော်လည်း သားသမီးများက ခေတ်ရှေ့ပြေးပြီး ခေတ်ဆန်နေကြသည်။ ကောင်းသောအမူအကျင့်တွေကို လိုက်နာအတုခိုးကြပါ။ အတုမခိုးသင့်တာတွေကိုတော့ အတုမခိုးစေချင်ဘူး။ ဒါကလည်း ကိုယ်ပိုင်အခွင့်အရေးမို့ လွတ်လပ်စွာ ရွေးချယ်နိုင်ပါသည်။

မကြာမီ အတာကျူးတဲ့ လတန်ခူး ရောက်တော့မည်။ အဲ့ဒီအချိန်ကြမှ သားတွေ၊ သမီးတွေ၊ အန်တီတွေ၊ ကိုကို၊ မမတွေ ဆံကေသာကို ဆေးရောင်ခြယ်မှုန်းလို့ အသားကုန်ကဲကြပါလို့။

'ပိတုန်းရောင်ကေသာ…ဖြန့်လိုက်ရင်'…တဲ့ ဆရာတင်ရဲ့သီချင်း နားထဲမှာ ကြားယောင်နေဆဲပါ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

**မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

| စဉ် | လျှောက်ထားသူ | လျှောက်ထားသည့်မြေ | | | | | လျှောက်ထားသည့် |
|---|---|---|---|---|---|---|---|
| | အမည်/မှတ်ပုံတင် | လိပ်စာ | မြေအမည်ပေါက် | မြို့နယ် | အကွက် | ဦးပိုင် | အကြောင်းအရာ |
| ၁။ | ဦးလီရှင်ကွာ(ခ)ချစ်စိန်(၁၃/လရန(နိုင်)၀၀၆၂၄၈) | ၈၃လမ်းနှင့် ၈၄လမ်းကြား၊ လမ်း၂၀နှင့် ၂၁လမ်းကြား၊ ပုလဲငွေရောင် | ဒေါ်ပေါက်ဆန်း(ခ)ပေါက်ဆန် | အောင်မြေသာစံ | ၁၅၁ | ၁၉ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၂။ | ဒေါ်ပြုံး(၉/မရမ(နိုင်)၀၅၄၈၂၁) | ၆၂လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန် | ဦးတင်အောင်(ပါ-၂) | ချမ်းအေးသာစံ | ၈၀၆ | ၆၈-၁+၆၉-၁ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၃။ | ဒေါ်ရီရီဝင်း(၉/မဟမ(နိုင်)၀၀၀၇၉၈) | လမ်း၃၀နှင့် ၅၅လမ်းထောင့်၊ ကန်ကောက် | ဦးမောင်မောင်ရင် | ချမ်းအေးသာစံ | A-၁၃/က | ၁ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၄။ | ဒေါ်ရီရီဝင်း(၉/မဟမ(နိုင်)၀၀၀၇၉၈) | လမ်း၃၀နှင့် ၅၅လမ်းထောင့်၊ ကန်ကောက် | ဦးမောင်မောင်ရင် | ချမ်းအေးသာစံ | A-၁၃/ခ | ၁ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၅။ | ဒေါ်ခင်ဝင်း(၉/မရတ(နိုင်)၀၂၀၄၆၉)၊ ဦးခင်ဦး(၉/မရမ(နိုင်)၀၇၅၆၉၂)၊ ဒေါ်လေးလေးမြင့်(၉/မရမ(နိုင်)၀၇၅၄၂၆) | ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြား၊ မြို့သစ်(၄) | ဒေါ်အုံးရွှေ | ချမ်းမြသာစည် | ၉-၁ | ၆၂ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၆။ | ဒေါ်အေးအေးသန်း(၉/မရမ(နိုင်)၀၀၇၉၉၄)၊ ဦးဇော်ဝင်း(၉/မရမ(နိုင်)၀၀၇၉၉၃)၊ ဒေါ်မာမာငွေး(၉/မရမ(နိုင်)၀၀၇၉၉၁)၊ ဒေါ်ထွေးထွေး(၉/မရမ(နိုင်)၀၀၇၉၉၂) | ၅၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ ကံသာယာ | ဦးသိန်း | ချမ်းမြသာစည် | ငင-၄ | ၃၇ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၇။ | ဒေါ်မွန်မွန်အေး(၉/ပကခ(နိုင်)၀၈၈၃၄၀)၊ ဦးညီညီလွင်(၉/ပကခ(နိုင်)၀၈၉၆၀၈) | ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ထွန်တုံး | တပ်ကြပ်ငွေးလွင် | ချမ်းမြသာစည် | ဇဇ-၁၉ | ၆၁ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၈။ | ဒေါ်စိုးတင့်(၉/မနမ(နိုင်)၀၇၂၆၁၇) | ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ၁၂၁လမ်းနှင့် ၁၂၂လမ်းကြား၊ သင်ပန်းကုန်း | ဦးတင်ထွန်း | ပြည်ကြီးတံခွန် | ညည-ရ၃ | ၅၀ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၉။ | ဒေါ်အမာညို(၈/ပခက(နိုင်)၀၄၃၅၅၆) | ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၄၀လမ်းနှင့် ၁၄၁လမ်းကြား (ရ) | ဦးအောင်ခင်ဦး | ပြည်ကြီးတံခွန် | လလ-၁၁ | ၆၃ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၀။ | ဦးမောင်မောင်ဝင်း(၉/မနမ(နိုင်)၀၂၇၄၀၃) | ၁၂လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြား၊ ပြည်ကြီးရန်လုံ | ဦးမောင်မောင်ဝင်း(ပါ-၂) | အောင်မြေသာစံ | ၄၁၅-S | ၁၄-ဗ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၁။ | ဒေါ်အေးသက်(ခ)မှန်းတင်(၉/မနမ(နိုင်)၀၈၁၈၆၈)၊ ဒေါ်မိုးအေး(ခ)မုံးအေး(၉/မနမ(နိုင်)၀၈၂၅၇၈)၊ ဒေါ်အမာတင်(၉/မနမ(နိုင်)၀၈၁၅၃၃) | ၈၁လမ်းနှင့် ၈၂လမ်းကြား၊ ၁၃လမ်းနှင့် ၁၄လမ်းကြား၊ ပြည်လုံးချမ်းသာ | ဒေါ်ကုလားမ(ပါ-၂) | အောင်မြေသာစံ | ၅၅ | ၆၂-က ခဲစင်း အနောက်ခြမ်း | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၂။ | ဒေါ်ဝင်းဝင်းမြ(၉/မရမ(နိုင်)၀၁၁၀၈၅)၊ ဒေါ်ထားထားဦး(၉/မရမ(နိုင်)၀၁၁၀၈၆) | ၈၅(E)လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ အောင်နန်းရိပ်သာအနောက် | ဦးမောင်မောင် | ချမ်းအေးသာစံ | ၅၇၆ | ၄၀-ဃ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၃။ | ဒေါ်မင်းမင်းစိုး(၉/ခအဇ(နိုင်)၀၀၉၈၀၇) | ၆၅လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ မဟာမြိုင်(၁) | ဦးအောင်ဘို(ပါ-၂) | မဟာအောင်မြေ | ဒ-၁ | ၄၃ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၄။ | ဦးလှဝင်း(၉/မရမ(နိုင်)၀၄၄၂၄၃) | ၃၅လမ်းနှင့် ၃၆လမ်းကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ မဟာမြိုင်(၂) | ဒေါ်ပြုံးကြည်(ပါ-၂) | မဟာအောင်မြေ | ဥယျာဉ်တန်း-C | ၁၀ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၅။ | ဒေါ်ခင်ဆင့်(၉/မနတ(နိုင်)၀၃၁၄၈၂)၊ ဒေါ်ခင်ထူး(၉/မနတ(နိုင်)၀၃၁၃၀၃)၊ ဒေါ်သောင်းခင်(WMDY-၃၃၀၉၁၃) | ၄၂လမ်း၊ ၈၇လမ်းနှင့် ၈၈လမ်းကြား၊ သံလျက်မော်အရှေ့ | KK စီကဲတော် | မဟာအောင်မြေ | ၄၂၄ | ၄/ဟ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၆။ | ဒေါ်စန်းစန်းဦး(၉/မရမ(နိုင်)၀၃၈၉၁၆) | အောင်မေတ္တာဓမ္မာရုံလမ်းနှင့် ၃၉လမ်းကြား ၆၇လမ်းနှင့် ၆၈လမ်းကြား မဟာမြိုင်(၁) | ဦးခင်မောင်သန်း(ပါ-၂) | မဟာအောင်မြေ | အပိုင်း(၆) | ၃၃ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၇။ | ဒေါ်မြင့်မြင့်ဆွေ(၉/မရတ(နိုင်)၀၂၀၀၃၇)၊ ဦးကျော်လေး(၉/မရတ(နိုင်)၀၂၀၁၅၅)၊ ဒေါ်လှလှညွန့်(၉/မရတ(နိုင်)၀၂၀၁၅၆)၊ ဒေါ်ဆွေဆွေနိုင်(၉/မရတ(နိုင်)၀၂၀၁၅၉)၊ ဦးကျော်ကျော်နိုင်(၉/မရတ(နိုင်)၀၂၀၁၆၀) | ၇၈လမ်းနှင့် ၇၉လမ်းကြား၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ဟေမမာလာတောင် | ဒေါ်မြင့်သိန်း(ပါ-၂) | မဟာအောင်မြေ | ၆၆၀ | ၄၂ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၈။ | ဒေါ်သီသီ(၅/ကလန(နိုင်)၀၁၁၀၁၆) | ၅၉လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြား၊ ကံသာယာ | ဦးနိုင်ဝင်း | ချမ်းမြသာစည် | ဆဆ-၂ | ၄၈ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၉။ | ဒေါ်သန္တာနေဝင်း(ခ)သန္တာအောင်(၉/မရမ(နိုင်)၀၉၁၁၁၆)၊ ဦးကျော်ဝင်း(၉/ခအဇ(ပြု)၀၀၀၃၃၈)၊ ဒေါ်အိအိမြူ(၉/ခအဇ(ပြု)၀၀၀၂၅၃) | ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြား (ဂ) | ဦးနေဝင်း(ခ)မိုဟာမက် | ပြည်ကြီးတံခွန် | ဋ-ဂ | ၇၄ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၂၀။ | ဒေါ်သန္တာနေဝင်း(ခ)သန္တာအောင်(၉/မရမ(နိုင်)၀၉၁၁၁၆)၊ ဦးကျော်ဝင်း(၉/ခအဇ(ပြု)၀၀၀၃၃၈)၊ ဒေါ်အိအိမြူ(၉/ခအဇ(ပြု)၀၀၀၂၅၃) | လမ်း၆၀နှင့် ၆၁လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြား (ဃ) | ဦးနေဝင်း(ခ)မိုဟာမက် | ပြည်ကြီးတံခွန် | ဟ-၁၃ | ၁၅၄-က+ ၁၅၃+၁၅၂ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၂၁။ | ဦးထွန်းထွန်း(၉/ပသက(နိုင်)၀၇၅၃၀၅)၊ ဦးညီညီအောင်(၉/အမဇ(နိုင်)၁၂၀၂၅၀) | ၁၉လမ်းနှင့် ၂၀လမ်းကြား၊ ၈၈လမ်းနှင့် ၈၉လမ်းကြား၊ မင်းတဲအီကင်း | ဒေါ်ငွေစိန် | အောင်မြေသာစံ | ၉၉ | ယခင် ၁-ဃ ယခု ၁-င | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၂၂။ | ဒေါ်ရီရီမြင့်(၉/မနမ(နိုင်)၀၅၀၁၈၂) | ၁၈လမ်းနှင့် ၁၉လမ်းကြား၊ ၈၆လမ်းနှင့် ၈၈လမ်းကြား၊ အောင်မြေသာစံ | ဒေါ်ရီရီ | အောင်မြေသာစံ | ၁၂၆ | ၁၈-င | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၂၃။ | ဒေါ်နုနုကြည်(၉/မနမ(နိုင်)၀၅၀၁၂၂)၊ ဒေါ်ဝင်းဝင်းမာ(၉/မနမ(နိုင်)၀၄၀၁၂၃) | ၁၈လမ်းနှင့် ၁၉လမ်းကြား၊ ၈၆လမ်းနှင့် ၈၈လမ်းကြား၊ အောင်မြေသာစံ | ဦးကိုမြင့်(ပါ-၄) | အောင်မြေသာစံ | ၁၂၆ | ၁၈-ဆ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၂၄။ | ဦးချစ်ပို(၅/စကန(နိုင်)၀၀၇၀၅၆)၊ ဒေါ်မာလာလှိုင်(၉/မရတ(နိုင်)၀၀၉၀၂၅)၊ ဒေါ်တင်မာမြူ(၉/စကန(နိုင်)၀၁၄၄၃၀)၊ ဒေါ်သင်းမာမြူ(၉/စကန(နိုင်)၀၁၄၄၀၆)၊ ဒေါ်စန်းစန်းလှိုင်(၉/စကန(နိုင်)၀၁၄၄၀၇) | ၃၇လမ်း၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ ရတနာဘုမ္မိအရှေ့ | ဦးသာလှိုင်(ပါ-၂) | မဟာအောင်မြေ | ၅၃၂ | ၁၂ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၂၅။ | ဒေါ်သန်းခိုင်(၉/တတဥ(နိုင်)၀၇၈၄၇၃) | ၃၉လမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ မဟာမြိုင်(၁) | ဦးမင်းနိုင် | မဟာအောင်မြေ | အပိုင်း(၅/ခ) | ၁၁၉ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၂၆။ | ဒေါ်ကြူကြူလင်း(၉/မမန(နိုင်)၀၁၃၉၆၂) | ၃၈လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ရဲမွန်တောင် | ဒုဗိုလ်မှူးကြီး ဝင်းထိန် | မဟာအောင်မြေ | မ-၆၀ | ၄၇ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၂၇။ | ဒေါ်တင်မျိုးဦး(၉/ပသက(နိုင်)၀၀၅၉၉၃)၊ ဒေါ်သက်သက်မ(၉/ပသက(နိုင်)၀၀၅၉၉၄)၊ ဦးအောင်သီဟကြည်(၁၂/မရက(နိုင်)၀၀၂၃၇၂)၊ ဦးအောင်တေဇကြည်(၉/ပသက(နိုင်)၀၇၅၀၆၀)၊ ဦးမင်းဝဏ္ဏကြည်(၉/ပသက(နိုင်)၀၇၅၀၆၉) | ၁၀၅လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ချမ်းမြသာစည်တောင် | ဒေါ်ဝင်နီ | ချမ်းမြသာစည် | E | ၂၆ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၂၈။ | ဒေါ်ခင်မြင့်(၉/မနမ(နိုင်)၀၁၆၅၉၅) | ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၃၆လမ်းနှင့် ၁၃၇လမ်းကြား (ရ) | ဦးလှညို | ပြည်ကြီးတံခွန် | ပပ-၂၁ | ၆၄ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၂၉။ | ဒေါ်အုံးကြည်(ခ)အုန်းကြည်(၉/အမရ(နိုင်)၀၁၇၈၄၃) | ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၉လမ်းနှင့် ၁၂၀လမ်းကြား (ဂ) | ဦးစို(ခ)ဦးစိုး | ပြည်ကြီးတံခွန် | အ-၁၆ | ၁၃၁ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၃၀။ | ဒေါ်ညွန့်ရီ(၉/မနတ(နိုင်)၀၉၅၀၉၀) | ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ရန်ပြေလမ်းနှင့် ရန်နိုင်လမ်းကြား၊ သင်ပန်းကုန်း | ဦးစိုးရည်မြင့် | ပြည်ကြီးတံခွန် | ညည-၃၉ | ၃၂ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ ရွေးကောက်ပွဲကိုအောင်မြင်စွာ ကျင်းပပြုလုပ်ပြီးစီးပြီဖြစ်သဖြင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူရေးအစည်းအဝေးကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြုလုပ်သောရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များအားတွေ့ဆုံအမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တာဝန်ထမ်းဆောင်မှု အထူးထောက်ပံ့ကြေးပေးအပ်မည်

**နေပြည်တော် မတ် ၁**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြရသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တာဝန်ထမ်းဆောင်ရသည့်သဘောသဘာဝအရရာသီမရွေး၊ နေရာမရွေး၊ အချိန်အခါမရွေး ပင်ပန်းကြမ်းတမ်းစွာဖြင့် သက်စွန့်တာဝန်ထမ်းဆောင်ရခြင်း၊ တာဝန်ထမ်းခဲ့သည့်ကာလတစ်လျှောက် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းတို့အား နိုင်ငံတော်က အသိအမှတ်ပြုကာ ဂုဏ်ပြုချီးမြှင့်သည့်အနေဖြင့် အမှုထမ်းသက်အပေါ် မူတည်၍ **တာဝန်ထမ်းဆောင်မှု အထူးထောက်ပံ့ကြေး**ကို လစဉ်ပေးအပ်သွားမည်ဖြစ်သည်။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အမှုထမ်းသက်(၁၀)နှစ်ပြည့်မြောက်သည့် အမှုထမ်းသက် (၁၀) နှစ်နှင့်အထက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လစဉ် ၃၀၀၀၀ ကျပ်၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အမှုထမ်းသက်(၁၅)နှစ်ပြည့်မြောက်သည့် အမှုထမ်းသက်(၁၅)နှစ်နှင့်အထက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လစဉ် ၅၀၀၀၀ ကျပ်၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အမှုထမ်းသက်(၂၀)နှစ်ပြည့်မြောက်သည့် အမှုထမ်းသက် (၂၀)နှစ်နှင့်အထက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား လစဉ် ၁၀၀၀၀၀ ကျပ်ကို **တာဝန်ထမ်းဆောင်မှုအထူးထောက်ပံ့ကြေး**အဖြစ် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။ ထိုသို့ လစဉ် **တာဝန်ထမ်းဆောင်မှုအထူးထောက်ပံ့ကြေး** ချီးမြှင့်ပေးအပ်ခြင်းသည် ၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရသည်။



## ပရီးမီးယားလိဂ် ပွဲစဉ်(၂၈)တွင် မန်ယူ၊ ဖူလ်ဟမ်၊ ဘရိုက်တန်နှင့် အာဆင်နယ်တို့ အသီးသီး နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် မတ် ၁**

ပရီးမီးယားလိဂ် ပွဲစဉ်(၂၈)တွင် မန်ယူ၊ ဖူလ်ဟမ်၊ ဘရိုက်တန်နှင့် အာဆင်နယ်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီခွဲက မန်ယူအသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ယူအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ဘရူနိုဖားနန်ဒက်စ်၊ ပွဲချိန် ၆၅ မိနစ်တွင် ဆက်စ်ကိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဆက်လက်၍ ဖူလ်ဟမ်အသင်းနှင့် စပါးအသင်းတို့ ပွဲစဉ်တွင်လည်း ဖူလ်ဟမ်အသင်းက စပါးအသင်းကို နှစ်ဂိုး၊ တစ်ဂိုး ဖြင့်လည်းကောင်း၊ ဘရိုက်တန်အသင်းနှင့် နော့တင်ဟမ်ဖောရက်စ် အသင်းတို့ ပွဲစဉ်တွင်လည်း ဘရိုက်တန်အသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုး ဖြင့်လည်းကောင်း အသီးသီး နိုင်ပွဲရရှိခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီက အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ပွဲစဉ်တွင်လည်း အာဆင်နယ်အသင်းက ချဲလ်ဆီးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၂၁ မိနစ်တွင် ဆာလီဘာ၊ ပွဲချိန် ၆၆ မိနစ်တွင် တင်ဘာတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ပရီးမီးယားလိဂ် ပွဲစဉ်(၂၈) ယှဉ်ပြိုင်ကစားအပြီးတွင် အာဆင်နယ်အသင်းက ရမှတ် ၆၄ မှတ်ဖြင့် အဆင့်(၁)နေရာ၊ မန်ယူအသင်းက ရမှတ် ၅၁ မှတ်ဖြင့် အဆင့်(၃)နေရာ၊ ဖူလ်ဟမ်အသင်းက ရမှတ် ၄၀ မှတ်ဖြင့် အဆင့်(၉)နေရာ၊ ဘရိုက်တန်အသင်းက ရမှတ် ၃၇ မှတ်ဖြင့် အဆင့်(၁၁) နေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။ **(NGB)**

## (၂၁)ရာစုအတွင်း စပိန်လာလီဂါပြိုင်ပွဲတွင် အသက်အငယ်ဆုံး ဟက်ထရစ်သွင်းယူနိုင်သူအဖြစ် ယာမဲလ် မှတ်တမ်းဝင်

**ဘာစီလိုနာ မတ် ၁**

ဘာစီလိုနာအသင်း တောင်ပံကစားသမား ယာမဲလ်(အသက် ၁၈နှစ်)သည် (၂၁)ရာစုအတွင်း စပိန်လာလီဂါပြိုင်ပွဲတွင် အသက်အငယ်ဆုံး ဟက်ထရစ်ဂိုးသွင်းယူနိုင်သူအဖြစ် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက ဗီလာရီးရဲလ်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး သုံးဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ယာမဲလ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၀ပွဲကစားပြီး ၄၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည်။

ယာမဲလ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော် အခုလို မှတ်တမ်းတွေရရှိတာကလည်း အသင်းဖော်တွေရဲ့ ဝိုင်းဝန်းပံ့ပိုးကူညီမှုကြောင့်ပါ။ ပြီးတော့ အသင်းနဲ့အတူ ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါချန်ပီယံဆုဖလားကြီးကိုလည်း ရယူသိမ်းပိုက်သွားလိုပါတယ်"ဟု ပြောသည်။

**နိုင်ကမ္ဘာ**



## အေစီမီလန်အသင်းက ခရီမိုနီဆီအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရ

**တူရင် မတ် ၁**

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၇)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီက အေစီမီလန်အသင်းနှင့် ခရီမိုနီဆီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အေစီမီလန်အသင်းက ခရီမိုနီဆီအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။



အေစီမီလန်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် မိနစ် ၉၀ တွင် ပါဗလိုဗစ်၊ ပွဲချိန် (၉၀+၄) မိနစ်တွင် ရာဖေးလ်လီယာအိုတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

အေစီမီလန်အသင်းသည် အီတလီစီးရီးအေ ဘောလုံး ပြိုင်ပွဲ ပွဲစဉ်(၂၇) ကစားအပြီးတွင် ရမှတ် ၅၇ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

**(NGB)**